The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ အင်္ဂါနေ့ (12-11-2013) (၇၆၆၂)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မုန်တိုင်းဒဏ်သင့် ဖိလစ်ပိုင်နိုင်ငံသို့ ဝမ်းနည်းကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ၌ ဟိုင်ယန်(ဒေသအခေါ် ယိုလန်ဒါ) အမည်ရှိ တိုင်ဖုန်းလေမုန်တိုင်း တိုက်ခတ်ခဲ့ခြင်းကြောင့် အသက်အိုးအိမ်ဆုံးရှုံးခဲ့သူများအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အက်စ် အကွီနို(၃)ထံသို့ လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဲယ်လ်ဘတ်အက်ဖ်ဒယ်လ် ရိုစာရီယိုထံသို့လည်းကောင်း ဝမ်းနည်းကြောင်း သဝဏ်လွှာများကို ပေးပို့ခဲ့ကြသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသအတွက် ရလာသည့်ရေကို အလဟဿမဖြစ်ရအောင် ထိန်းသိမ်းပြီး အကျိုးရှိရှိ အသုံးချ



**နေပြည်တော် နိုဝင်ဘာ ၁၁**

အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေး အစီအစဉ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။ **(ဓါတ်ပုံ)**

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးကျော်ဆန်း၊ ဦးအုန်းမြင့်နှင့် ဒေါက်တာ ဖေသက်ခင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဦးဖုန်းမော်ရွှေ၊ ဦးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာ စိန်လှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ၊ နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အကူအညီပေးရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းမိုးနည်းရပ်ဝန်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီးများသည် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

## မြစ်ကြီးနားမြို့တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝ အသုံးပြုနိုင်ပြီဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့အား ၁၉၇၂ ခုနှစ်မှစ၍ ၈၆၀ ကေဗွီ SKODA ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ဓာတ်အားစတင်ဖြန့်ဖြူးပေးခဲ့ရာမှ ၁၉၉၃ ခုနှစ် မတ်လတွင် ကျိန်ခရမ်ခ ရေအားလျှပ်စစ်စက်ရုံရှိ ၆၃၀ ကေဗွီအေစက်လေးလုံးဖြင့် ဓာတ်အားပေးခဲ့သည်။ ကျိန်ခရမ်ခ ရေအားလျှပ်စစ်စက်ရုံသည် ၃၁-၅-၂၀၀၅ ရက်တွင် ချောင်းရေတိုက်စားပြီး စက်ရုံရေနစ်မြုပ်ပျက်စီးသွားခဲ့သဖြင့် ဒီဇယ်စက်များဖြင့် ဓာတ်အားပြန်လည်ပေးခဲ့ရသည်။

မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့များကို ဘူးဂါးကုမ္ပဏီက မလိ ရေအားလျှပ်စစ်စက်ရုံ ၃ ဒသမ ၅ မဂ္ဂါဝပ် စက်သုံးလုံးဖြင့် ဓာတ်အားဖြန့်ဖြူးရန် ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ခွင့်ပြုပေးခဲ့ရာ မီးသုံးသူဦးရေ တိုးတက်လာသဖြင့် မိုးရာသီကာလတွင် မီးသုံးစွဲမှုများသော ညနေ ၅ နာရီမှ ည ၈ နာရီအတွင်း မီးသုံးသူ သုံးပုံတစ်ပုံခန့် ဓာတ်အားပိတ်ပေးရခြင်း၊ နွေရာသီရေအားလျှပ်စစ်စက်ရုံများ ထုတ်လုပ်မှုလျော့နည်းချိန်တွင် မီးသုံးသူ သုံးပုံနှစ်ပုံခန့်ကို ဓာတ်အားပိတ်ပေးခြင်းများ ဆောင်ရွက်နေရသည်။

ကချင်ပြည်နယ်ရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ဓာတ်အားရရှိရေးအတွက် ချီဖွေငယ် စက်ရုံမှ ထွက်ရှိသော ဓာတ်အားကို ချီဖွေမှ ဝိုင်းမော်အထိ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း မိုင် ၆၀ တည်ဆောက်ခြင်း၊ ဝိုင်းမော်မှ မြစ်ကြီးနားအထိ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၂ မိုင် တည်ဆောက်ခြင်း၊ ဝိုင်းမော်တွင် ၁၃၂/၆၆/ ၁၁ ကေဗွီ ၆၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း၊ မြစ်ကြီးနားတွင် ၆၆/ ၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ တည်ဆောက်ရေး လုပ်ငန်းများ **စာမျက်နှာ ၈ ကော်လံ ၂ သို့ ❖**

## မိတ္ထီလာမြို့ပြင်ကားလမ်းဘေး မြေဈေးတစ်ဟုန်ထိုးမြင့်လာ

**မိတ္ထီလာ နိုဝင်ဘာ ၁၁**

မိတ္ထီလာမြို့၌ ၂၀၁၀ ခုနှစ်မှစ၍ ပုဂ္ဂလိကဘဏ်များအပြိုင်အဆိုင်ဖွင့်လာခဲ့ရာ မိတ္ထီလာမြို့တွင်းမြေဈေးကွက်မှာ အဆမတန်တက်ခဲ့သည်။ ယခင်က DOWN TOWN ဧရိယာများဖြစ်သော မြို့မ(၄)ရပ်ကွက်တွင်ပါဝင်သည့် လင်ဇင်း၊ ဆိုင်းတန်း၊ ပန်းထိမ်တန်း၊ မင်းရပ်ရှိအိမ်မြေတိုက်တာအဆောက်အအုံ အပါအဝင် ကျပ်သိန်း ၅၀၀ မှ ကျပ်သိန်း ၁၀၀၀ အထိသာရှိခဲ့သည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့ ✳**





**ကြေးမုံစာတည်းရှုထောင့်** **၁၂-၁၁-၂၀၁၃၊ အင်္ဂါနေ့**

# ဥပုသ်သီလ ဆောက်တည်ကြသူများ

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် သံဃာတော် အရှင်သူမြတ်များ ဝါဆိုဝါကပ်တော်မူကြသော ဝါတွင်းကာလဥပုသ်နေ့များတွင် ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များသို့သွားရောက်ကာ ဥပုသ်သီလ ဆောက်တည်ကြသည်။ သို့သော် တချို့မှာ ဘုရားရိပ်ကို မခိုနိုင်ကြပါ။ ကိစ္စမြားမြောင် လူတို့ဘောင်တွင် လူမှုကိစ္စဗာဟီရများအပြင် တချို့ရှောင်လွှဲမရသော တာဝန်ရပ်များကြောင့် ကျောင်း၊ကန်၊ ဇရပ်နှင့် အလှမ်းဝေးနေကြရသည်။

ဗုဒ္ဓ၏ အနှစ်တရားသုံးပါးမှာ (၁)အားလုံးသော မကောင်းမှုတို့မှ ရှောင်ကြဉ်ခြင်း၊ (၂) ကုသိုလ်ကောင်းမှုကို ပွားများခြင်း၊ (၃) မိမိစိတ်ကို ဖြူစင်စေခြင်းဟူ၍ဖြစ်ရာ ကျောင်း၊ ကန်၊ ဇရပ်သို့ မရောက်နိုင်သည်ဆိုငြား လည်း ရောက်သည့်အရပ်တွင် အသိနှင့်ဆင်ခြင်၊ မကောင်းမှုကို ရှောင်ရှား၊ ကုသိုလ်ပွားနေခြင်းဖြင့်လည်း ရနိုင်ပါသည်။ ဤသို့ကျင့်ကြံနေကြသူများလည်း ဒုနှင့်ဒေးရှိနေကြပါသည်။

သို့သော် ထိုသို့ကျောင်း၊ ကန်နှင့်ဝေးကာ ကိုယ်ပိုင်အသိနှင့် နေကြရာတွင် မိမိတို့သတိမူသင့်သည့် အချက်တစ်ခုမှာ သူ့အသက်ကိုမသတ်၊ သူ့ဥစ္စာကိုမခိုး ရှောင်ကြဉ်နေထိုင်ကြသည်ဆိုငြားလည်း "အာမဘန္တေ" နှင့် ကြိုတင်ဆောက်တည်ထားခြင်းမဟုတ်ပါက ရိုးရိုးသီလသာလျှင် ဖြစ်နေပါလိမ့်မည်။ လတ်တလောမှာ အကုသိုလ်ဖြစ်စေမည့် မကောင်းမှုတစ်ခုခုနှင့် ကြုံလာစဉ်အသိဦး၍ ရှောင်လိုက်နိုင်ခြင်းသည် ရိုးရိုးသီလကုသိုလ်။ ထိုထိုသော မကောင်းမှု တစ်ခုခုနှင့် မတွေ့ကြုံခင်ကတည်းက ရှောင်ကြဉ်ပါမည်။ သိက္ခာပုဒ်ကို ဆောက်တည်ပါမည်ဟူ၍ ဘုရားရှေ့၊ သံဃာရှေ့မှာ အာမဘန္တေပြုထားပါမှသာ ဥပုသ်သီလကုသိုလ်ရရှိမည် ဖြစ်ပါသည်။

ဤသို့ဖြင့် ဝါတွင်းကာလ ဥပုသ်ရက်များတွင် စောစောထကာ ကိုယ်လက်သန့်စင်ပြီးလျှင် ရှစ်ပါးသီလနှင့် နာမ်ခန္ဓာအိမ်ကို ထပ်မံသန့်ရှင်း၊ လုပ်ငန်းခွင်မှာ တာဝန်ကျေရင်း ငြိမ်းငြိမ်းချမ်းချမ်းနှင့် စိတ်လက်ပေါ့ပါး ဥပုသ်သီလဆောက်တည်ခြင်းမှာ လောကီနယ်၏ သီတင်းသီလဆောက်တည်နည်းတစ်မျိုးဖြစ်နိုင်ပါသည်။

ရိုးရိုးကုသိုလ်၊ သီလကုသိုလ်များအပြင် ဘာဝနာကုသိုလ်ကိုလည်း ယူတတ်သူအဖို့ နယ်စည်းမခြား ရယူနိုင်ပါသေးသည်။ ကံသုံးပါးလုံးကို သတိမပြတ်ထက်ကြပ်မကွာ အသိကပ်ပေးထားခြင်းဖြင့် ဘာဝနာကုသိုလ်ကို ရယူနိုင်ပါသည်။ စွန်းလွန်းဆရာတော်လောင်းလျာ ဦးကျော်ခေါင်ဘဝတွင် နွားစာစဉ်းရင်း၊ ယာထွန်ရင်း၊ အမှတ်သညာထားလုပ်ဆောင်နေမှုကြောင့် လုပ်သမျှတွင် ပင်ပန်းမှုမရှိဘဲ လုပ်ငန်းပြီးမြောက် ခရီးပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ စဉ်ဆက်မပြတ် တရားမှတ်ရင်း တရားတွေ့မွေ့လျော်ကာ လုပ်ငန်းခွင်မှ နွားနှစ်ကောင်ကိုဘေးမဲ့ပေး၊ ထွန်ကိုလည်း သစ်ပင်မှာ ထောင်ထားခဲ့ပြီး တောထွက်ခဲ့၍ "ထွန်ထောင်ဆရာတော်" ဟု ထင်ရှားခဲ့သော ပုဂ္ဂိုလ်ထူးဖြစ်ပါသည်။ လုပ်ငန်းခွင်မှာ "ယောနိသောမနသိကာရ" အသင့်အတင့် နှလုံးသွင်းကာ သတိလက်မလွတ် ကျင့်ကြံနေထိုင်တတ်ပါက တရားထူးရနိုင်ကြောင်း နမူနာကောင်းတစ်ရပ်ဖြစ်ပါသည်။

မိုးရေစက်ကလေးများ တစ်စက်ချင်းမှသည် စဉ်ဆက်မပြတ် ရွာသွန်းဖြိုးပါလျှင် မြစ်ချောင်းအင်းအိုင်များ ရေပြည့်လျှံသကဲ့သို့ အလေ့အကျင့်ကောင်းများသည်လည်း တဖြည်းဖြည်းနှင့် အလေ့အထသို့ စွဲမြဲလာနိုင်ခဲ့ပြီဆိုပါလျှင် အကြင်ပုဂ္ဂိုလ်သည် ငြိမ်းချမ်းမှုကို မျက်မှောက်ပြုနိုင်ပါလိမ့်မည်။ ထိုထိုသော ပုဂ္ဂိုလ်များ လောကီနယ်ပယ်မှာ အများအပြားရှိနေကြပါသည်။ ဥပမာ ဆရာကြီးဦးဘခင်နှင့် နိုင်ငံတကာမှာ သာသနာပြုခဲ့သော ဆရာကြီးဂိုအင်ကာတို့သည် လူဝတ်ကြောင်နှင့် လောကီနယ်ပယ်မှာ နေထိုင်ကျင့်ကြံရင်း တရားထူးရရှိခဲ့ကြသူများဖြစ်ပါသည်။

မိမိတို့သတိပြုသင့်သည်မှာ ထိုထိုသော ပုဂ္ဂိုလ်များသည် ဥပုသ်နေ့မှသာ သီးသန့်သီလ ဆောက်တည်နေထိုင်ကြရုံသက်သက် မဟုတ်ကြပါ။ ပြုသမျှ ကံသုံးပါးလုံးကို သတိမလွတ် အသိကပ်ကာ နေ့၊ ညမပြတ်ကျင့်ကြံနေထိုင်တတ်ကြသူများဖြစ်ကြပါသည်။

ဘဝအခြေအနေကြောင့် ကျောင်း၊ ကန်၊ ဇရပ်နှင့် အလှမ်းဝေးနေရသော်လည်း ရောက်သည့်အရပ်မှာ ဥပုသ်သီလဆောက်တည်ကြသူများအဖြစ် အနေတတ်ဖို့သာ လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## မြန်မာ့အမွေအနှစ် ကြယ်လိပ်များ ဘေးမဲ့တောတွင်းသို့လွှတ်

**နွားထိုးကြီး နိုဝင်ဘာ ၁၁**

မြန်မာ့ကြယ်လိပ်အကောင် ၁၅၀ ဘေးမဲ့လွှတ်ပွဲအခမ်းအနားကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန လက်အောက်ရှိ မင်းစုံတောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ မင်းစုံတောင်ပေါ် ဘုန်းပွင့်အောင် စေတီခြေရင်းရှိ ပရိဝုဏ်၌ နိုဝင်ဘာ ၆ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မင်းစုံတောင်အုပ်ချုပ်ရေးမှူး ဦးစီးအရာရှိ ဦးစန်းဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ပညာရေးမှူးဒေါက်တာ ဒေါ်သန္တာဆွေ၊ ရတနာပုံတိရစ္ဆာန်ဥယျာဉ်မှ ဒေါက်တာ တင့်လွင်၊ တွားသွားသုတေသနပညာရှင် ဒေါက်တာစတီဗင်ပလတ်၊ ဒေါက်တာဒေါ်ကလျာတို့က ရည်ရွယ်ချက်နှင့် သိမှတ်ဖွယ်ရာများကို ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် မြန်မာ့အမွေအနှစ်တွင်ပါဝင်၍ ကျန်းမာရေးစစ်ဆေးပြီးဖြစ်သော မြန်မာ့ဌာနေရင်းဖွား ကြယ်လိပ် Geochelone platynota ခြံပေါက်အရွယ်ရောက် အကောင် ၁၅၀ ကို ဘေးမဲ့တောအတွင်းရှိ နေရာသုံးနေရာတွင် လွှတ်ပေးခဲ့သည်။ ယင်းကြယ်လိပ်များသည် သစ်တောဥပဒေဖြင့်ကာကွယ်ထားသော မျိုးစိတ်ဖြစ်သကဲ့သို့ ကမ္ဘာ့မျိုးသုဉ်းပျောက်ကွယ်မည့် လိပ်မျိုးစိတ် ၂၅ မျိုးတွင်ပါဝင်သဖြင့် လုံးဝကာကွယ်ထားသော မျိုးစိတ်ဖြစ်ကာ သစ်တောဦးစီးဌာန အောက်ရှိ ရွှေစက်တော်ဘေးမဲ့တော၊ လောကနန္ဒာဘေးမဲ့တောဥယျာဉ်နှင့် မင်းစုံတောင်ဘေးမဲ့တောတို့တွင် အနီးကပ်ကာကွယ်ထိန်းသိမ်းမွေးမြူစောင့်ရှောက်လျက်ရှိသော မျိုးစိတ်လည်းဖြစ်သည်။

**ကိုငြိမ်း (တောင်သာ)**

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

၁၁-၁၁-၂၀၁၃

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။



## ရွှေဈေး၊ ဓာတ်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

| | |
|---|---|
| ရန်ကုန် ရွှေဈေး | ၆၇၆၉၀၀ -၆၇၇၉၀၀ |
| မန္တလေးရွှေဈေး | ၆၇၆၄၀၀ -၆၇၇၄၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၃၀ | ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ | ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၉၁၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၉၈. ၅ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၉. ၅၀ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၅၉. ၅၉ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၀. ၈၁၃ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၃၀၄. ၀၈ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၅. ၅၅၇ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၈၁. ၁၇ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၁. ၁၆၁ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၁၂. ၄၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**








# လူ့စွမ်းရည်မြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ကလေးသူငယ်စောင့်ရှောက်ရေးဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ဗန်ကောက်မြို့ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ UNICEF ရုံးမှ Director Mr. Daniel Toole ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာစန်းလွင်၊ ဒေါက်တာသန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ UNICEF ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel လည်း တက်ရောက်သည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် UNICEF တို့အကြား ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံစီမံချက်ကို ကာလလယ် ပြန်လည်သုံးသပ်ချက်ဆောင်ရွက်ရေးဆိုင်ရာများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကိုလည်းကောင်း၊ လူ့စွမ်းရည်မြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ကလေးသူငယ်စောင့်ရှောက်ရေးဆိုင်ရာများကိုလည်းကောင်း ရင်းနှီးစွာဆွေးနွေးကြသည်။

**(သတင်းစဉ်)**

**☆ ကျေးလက်ဒေသမှ**

နှစ်စဉ်မိုးခေါင်မှုများနှင့် ကြုံတွေ့နေရပြီး သီးနှံစိုက်ပျိုးဖြစ်ထွန်းမှု နည်းပါးခဲ့ရသောကြောင့် စိုက်ပျိုးရေးအဓိကမှီခိုရသည့်ဒေသများ စီးပွားရေးဖွံ့ဖြိုးမှုထိခိုက်စေခဲ့ကြောင်း။

စီးပွားရေးထိခိုက်နစ်နာသည်နှင့်အညီ ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည်လည်း တစ်နှစ်ပြီးတစ်နှစ် တဖြည်းဖြည်း နိမ့်ပါးခဲ့ရကြောင်း၊ ယခုလိုအခြေအနေများအရ နိုင်ငံတော်သမ္မတကြီးက အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ လေ့လာမှုများပြုလုပ်ခဲ့ပြီး ဖွံ့ဖြိုးမှုရရှိအောင်အကောင်အထည်ဖော်ရန် လမ်းညွှန်မိန့်ကြားခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ထမ်းဆောင်သည့်အချိန်မှစပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကို အားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ရပါကြောင်း၊ ယခုအကောင်အထည်ဖော်ကြမည့် အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးသည်လည်း တခြားသော ကျေးလက်ဒေသများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များနှင့် အတူတူပင်ဖြစ်ပါကြောင်း။

အရေးတကြီးပိုလာမှုတစ်ခုသည် ဒေသအတွက် ရေလုံလုံလောက်လောက်ရရှိအောင်နှင့် ရလာသည့်ရေကို အလဟဿမဖြစ်ရအောင်ထိန်းသိမ်းပြီး အကျိုးရှိရှိအသုံးချသွားနိုင်ကြရန်၊ အသုံးချသွားနိုင်အောင်လည်း နည်းလမ်းများရှာကြံဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း။

ယခုကဲ့သို့ဆောင်ရွက်ကြရာတွင် ပြည်တွင်းမှရရှိနိုင်သမျှ နည်းပညာနှင့်ငွေကြေးအပြင် ပြည်ပကရရှိနိုင်မည့် နည်းပညာနှင့် ငွေကြေးအထောက်အပံ့ရရှိအောင် မည်ကဲ့သို့ရှာကြံဆောင်ရွက်ကြရမည်ကိုလည်း ဆွေးနွေးအဖြေရှာကြစေလိုပါကြောင်း။

မြန်မာနိုင်ငံသည် မြစ်ကြီးမြစ်ငယ်အသွယ်သွယ်ရှိသည့်နိုင်ငံ၊ သဘာဝသယံဇာတလည်း ကြွယ်ဝသည့်နိုင်ငံ၊ လူဦးရေလည်းသင့်တင့်မျှတမှု၊ ရာသီဥတုလည်း တခြားသောနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် မျှတသည့်ရာသီဥတု သဘာဝကပေးထားမှုများကိုစေတနာပါပါ၊ အကျိုးရှိရှိအသုံးပြုနိုင်ကြမည်ဆိုလျှင် တောရောမြို့ပါ ဖွံ့ဖြိုးမှုလမ်းကြောင်းအပေါ် ရောက်ရှိနိုင်ကြမည်ဖြစ်ပါကြောင်း။

အပူပိုင်းမိုးနည်းရပ်ဝန်း (Central Dry Zone) နှင့်ပတ်သက်၍ လွန်ခဲ့သည့် ၉-၉-၂၀၁၃ ရက်တွင် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များပါဝင်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ပါကြောင်း၊ အစည်းအဝေး၏ဆုံးဖြတ်ချက်များအနေဖြင့် အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို Focal Ministry အဖြစ် တာဝန်ပေးအပ်ပြီး စီမံချက်ကို ရေးဆွဲဆောင်ရွက်သွားရန်နှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်သွားရန် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါကြောင်း။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း သက်ဆိုင်ရာဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီး(၃)ခုတို့၏ အစိုးရအဖွဲ့များနှင့် တွေ့ဆုံ၍ ညှိနှိုင်းခဲ့မှုသည် ယခုအချိန်တွင် စီမံချက်(မူကြမ်း)တစ်စောင်ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံချက်(မူကြမ်း)အပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးမှုများပြုလုပ်၍ ဦးစားပေးအစီအစဉ်၊ အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်များ၊ အသေးစိတ်ရေးဆွဲနိုင်ရန် ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးသွားကြရမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သုံးခုတို့မှ အစိုးရအဖွဲ့များအနေဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပေါင်းစပ်ရေးဆွဲထားသည့် စီမံချက်(မူကြမ်း)အပေါ် လေ့လာသုံးသပ်၍ မည်သည့်အချက်များက ဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ မည်သည့်အပိုင်းများကို ပထမဦးဆုံးအကောင်အထည်ဖော်နိုင်မည်၊ မည်သည့်အခန်းကဏ္ဍများကို တာဝန်ယူဆောင်ရွက်ပေးနိုင်မည် စသည်ဖြင့် ဆွေးနွေးသုံးသပ်မှုများပြုလုပ်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးများ၊ ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် အခြေအနေအရပ်ရပ်သုံးသပ်၍ ပွင့်ပွင့်လင်းလင်းဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်းဆွေးနွေးသွားကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေး ဒေါက်တာစိန်လှဗိုလ်က အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီရင်ခံစာ၊ WFP မှ ဦးသောင်းဌေးက အပူပိုင်းမိုးနည်းရပ်ဝန်းဒေသ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရဓာတ်ပြည့်ဝရေး လေ့လာချက်မှ တွေ့ရှိချက်များ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အကူအညီပေးရေးအဖွဲ့များဖြစ်သည့် Lift Fund ရန်ပုံငွေဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Andrew Kirkword၊ WFP မှ Country Director Mr. Domenico Scalpelli၊ Italian Development Cooperation အကြံပေး Mr. Gian Malio Agostini၊ UNDP နေပြည်တော်ရုံးတာဝန်ခံ ဦးမောင်မောင်ကျော်နှင့် ကမ္ဘာ့ဘဏ်အကြံပေး Mr. Cesar Umalina တို့က အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က အပူပိုင်းမိုးနည်းရပ်ဝန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးအစီအစဉ်နှင့် အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

# သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ မကြာမီဖွင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်သည် နိုဝင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းထောင့် အမှတ်(၆၄)သို့ ရောက်ရှိပြီး သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (Day Care Center for the Aged)ကို မကြာခင်ဖွင့်လှစ်နိုင်ရန်အတွက် ကမ္ပည်းမော်ကွန်း၊ ဘုရားခန်း၊ အဘိုးနားနေခန်း၊ အဘွားနားနေခန်း၊ အနောက်တိုင်းနှင့် တိုင်းရင်းဆေးပေးခန်း၊ ဧည့်ခန်း၊ ကိုယ်ကာယလေ့ကျင့်ခန်း၊ အပန်းဖြေနားနေခန်း၊ စာကြည့်ခန်း၊ တစ်ကိုယ်ရေသန့်ရှင်းခန်း၊ ကွန်ပျူတာခန်း၊ သီချင်းကြည့်ဆိုခန်း၊ စားသောက်ခန်း၊ ဖွင့်ပွဲကျင်းပမည့်နေရာနှင့် ဧည့်ခံကျွေးမွေးခန်းဖွင့်ပွဲ အခမ်းအနား အစမ်းလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

- ❐ ပြည်သူအားလုံး၏ ၃၀ ရာခိုင်နှုန်းသာ လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိသေး၊ ကျန် ၇၀ ရာခိုင်နှုန်းသော ပြည်သူများအတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိ။
- ❐ တည်ဆောက်စရိတ်အနေဖြင့် တစ်မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ တစ်သန်း၊ တစ်မဂ္ဂါဝပ် ဓာတ်အားပမာဏ သယ်ပို့ဖြန့်ဖြူးရန် အမေရိကန်ဒေါ်လာတစ်သန်း သုံးစွဲရန်လိုအပ်။
- ❐ လျှပ်စစ်ဓာတ်အား လိုအပ်ချက်သည် တစ်နှစ် ၁၅ ရာခိုင်နှုန်းခန့်တိုးတက်လျက်ရှိရာ လက်ရှိဓာတ်အားသယ်ပို့ဖြန့်ဖြူးရေးစနစ်များအား တိုးချဲ့တည်ဆောက်ပေးရန်လို။
- ❐ ထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် ကျောက်မီးသွေးဖြင့် ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ငွေကျပ် ၁၀၀၊ သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ငွေကျပ် ၁၃၀၊ ရေအားလျှပ်စစ်ဖြင့် ဓာတ်အားထုတ်လုပ်ပါက တစ်ယူနစ်လျှင် ငွေကျပ် ၅၀ မှ ၇၀ အထိ ကျသင့်ပြီး ပျမ်းမျှထုတ်လုပ်မှု ကုန်ကျစရိတ် ၇၇ ကျပ်ဖြစ်၊ သယ်ပို့ဖြန့်ဖြူးရေး စရိတ်ပါဝင်ခြင်းမရှိသေး။
- ❐ လက်ရှိဓာတ်အားခနှုန်းထားဖြင့် တစ်ယူနစ် ထုတ်လုပ်ရောင်းချတိုင်း ၂၂ ကျပ်အရှုံးပေါ်လျက်ရှိရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တစ်နှစ်လျှင် ငွေကျပ် ၁၇၅ ဘီလီယံ အရှုံးခံစိုက်ထုတ် ဓာတ်အားပေးလျက်ရှိ။

ရုံးဆင်း အိမ်ပြန် မမေ့ရန် မီးနှင့် ပန်ကာပိတ်

# ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် တရုတ်တို့၌ မုန်တိုင်းကယ်ဆယ်ရေးဆောင်ရွက် ဖိလစ်ပိုင်နိုင်ငံ မြို့တစ်မြို့တည်းမှာပင် လူ ၁၀၀၀၀ ခန့် သေဆုံးဖွယ်ရှိ

မနီလာ နိုဝင်ဘာ ၁၁

**ဖိလစ်ပိုင်နိုင်ငံသမိုင်းတွင် လူအသေအပျောက်အများဆုံးဖြစ်သည့် တိုင်ဖွန်းမုန်တိုင်း ဟိုင်ယန်တိုက်ခတ်ခဲ့ပြီးနောက် အာဏာပိုင်များက ကယ်ဆယ်ရေး လုပ်ငန်းများကို အားကြိုးမာန်တက် လုပ်ဆောင်နေကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

မုန်တိုင်းဒဏ်ကြောင့် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း လိတ်ကျွန်းရှိ တက်လိုဘန်မြို့ တစ်မြို့တည်းမှာပင် လူပေါင်း ၁၀၀၀၀ခန့် အထိ သေဆုံးခဲ့ရသည်ဟု ခန့်မှန်းရသည်။

တိုင်ဖွန်း ဟိုင်ယန်တိုက်ခတ်မှုကြောင့် တက်လိုဘန်မြို့ရှိ လူနေအိမ်များ၊ စာသင်ကျောင်းများနှင့် လေဆိပ် အဆောက်အအုံများ ပျက်စီးခဲ့ရသည်။

ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များအား ဘေးဒုက္ခ ကျရောက်နေသည့် ဒေသများသို့ စေလွှတ်လျက်ရှိပြီး လေတပ်သယ်ယူပို့ဆောင်ရေး လေယာဉ်များက ထောက်ပံ့ရေးပစ္စည်းများကို ပို့ဆောင်ပေးလျက်ရှိသည်။

မုန်တိုင်းတိုက်ခတ်အပြီး အမှိုက်သရိုက်များနှင့် အပျက်အစီးများက လမ်းများတွင် ပိတ်ဆို့နေပြီး ကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်မှုကို နှောင့်နှေးကြန့်ကြာစေသည်။

မုန်တိုင်းဒဏ်သင့် ဒေသများအတွက် ကူညီနိုင်ရန် ဖိလစ်ပိုင်အစိုးရက နိုင်ငံတကာသို့ မေတ္တာရပ်ခံထားသည်။

**ဗီယက်နမ်**

နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် တိုင်ဖွန်းမုန်တိုင်း ဟိုင်ယန်သည် တစ်နာရီလျှင် ကီလိုမီတာ ၁၂၀ ဖြင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း ပြည်နယ်များကို ဖြတ်သန်းတိုက်ခတ်ခဲ့ရာ မုန်တိုင်း အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့သည်။

ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့တော်တွင် မိုးအကြီးအကျယ် ရွာသွန်းခဲ့ပြီး လေပြင်းတိုက်ခတ်မှုကြောင့် မြောက်ပိုင်းပြည်နယ်များ၌ လူနေအိမ်အချို့ ပျက်စီးခဲ့ရသည်။

လူနေအိမ်ခေါင်မိုးများ လန်ခြင်း၊ လမ်းများပေါ်သို့ သစ်ပင်များ ပြိုလဲကျခြင်းတို့ရှိပြီး လူသုံးဦးမှာ ပျောက်ဆုံးနေကြောင်း ကွင်နင်းပြည်နယ် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး တာဝန်ရှိသူ ငုယင်ကောင်ဘောင်းက ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် လူသေဆုံးသည့်သတင်းများ မရရှိသေးကြောင်း အမျိုးသား သဘာဝဘေးဆိုင်ရာ တာဝန်ရှိသူက ပြောကြားသော်လည်း တိုင်ဖွန်းမုန်တိုင်း မတိုက်ခတ်မီ ကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ ပြုလုပ်စဉ်အတွင်း လူငါးဦးသေဆုံးခဲ့ကြောင်း ဗီယက်နမ်အစိုးရ သတင်းဌာနက ဖော်ပြသည်။

**တရုတ်**

တိုက်ဖွန်းမုန်တိုင်း ဟိုင်ယန်သည် တရုတ်နိုင်ငံတောင်ပိုင်းကမ်းခြေဒေသများ၌ ဆက်လက်တိုက်ခတ်ခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးပြီး လူနေအိမ်ရာနှင့်ချီကာ ပျက်စီးခဲ့ကြောင်း တရုတ်အစိုးရသတင်းဌာနက ဖော်ပြသည်။

တောင်ပိုင်းကျွန်းစု ပြည်နယ်ဖြစ်သည့် ဟိုင်နန်တွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် လေဟာပြင် ကြော်ငြာဆိုင်းဘုတ်ကြီးလဲပြိုကျခဲ့ရပြီး ခြေကျင်ခရီးသွားသုံးဦး သေဆုံးခဲ့သည်။ ယင်းပြည်နယ်၏ အိမ်နီးချင်း ကွမ်ရှီးကျွမ်းပြည်နယ်၌ လူတစ်ဦးရေနစ်သေဆုံးကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျောက်ချရပ်နားထားသည့် ကုန်တင်သင်္ဘောတစ်စင်း ရေထဲမြှောပါခဲ့ပြီး သင်္ဘောသားနှစ်ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ အခြားပျောက်ဆုံးနေသည့် သင်္ဘောသားငါးဦးအား ပင်လယ်ရေပြင်တွင် ရှာဖွေနေဆဲဖြစ်ကြောင်း ဟိုင်နန်ပြည်နယ်ရေကြောင်း ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

လူနေအိမ် ၆၀၀ နီးပါး ပျက်စီးခဲ့ပြီး အိမ် ၅၁ လုံးပြိုကျခဲ့ကြောင်း၊ လူဦးရေ ၃၉၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဟိုင်နန်ပြည်နယ် အစိုးရက ပြောကြားသည်။

**ဆင်ဟွာ။**



ဖိလစ်ပိုင်နိုင်ငံ လိတ်ကျွန်းရှိ တက်လိုဘန်မြို့၌ မုန်တိုင်းတိုက်ခတ်အပြီး အပျက်အစီးများကို တွေ့ရစဉ်။



တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ် ဆန်းယမြို့၌ မုန်တိုင်းတိုက်ခတ်အပြီး အပျက်အစီးများကို ရှင်းလင်းဖယ်ရှားနေစဉ်။



## ချူကလီးယားဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အီရန်နှင့် အိုင်အေအီးအေ သဘောတူညီ

**တီဟီရန် နိုဝင်ဘာ ၁၁**

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ဖြစ်ပေါ်နေသောပြဿနာများကို ဖြေရှင်းနိုင်ရန် ရည်ရွယ်လျက် ယင်းနိုင်ငံနှင့် ကုလသမဂ္ဂ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လမ်းပြမြေပုံတစ်ရပ်အတွက် သဘောတူညီချက်ရရှိကြောင်း အီရန်နျူကလီးယား စေ့စပ်ဆွေးနွေးရေးမှူးချုပ် အလီအက္ကဘာဆာလီဟီက နိုဝင်ဘာ ၁၁ရက်တွင် ပြောကြားသည်။

အီရန်နှင့် အိုင်အေအီးအေအကြား ပူးပေါင်းဆောင်ရွက်မှုပြုလုပ်မည့် အစီအစဉ်တစ်ရပ်အတွက် မိမိတို့ အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့ကြောင်း အိုင်အေအီးအေအကြီးအကဲ ယူယီယာအမ်မာနိုနှင့် ပူးတွဲပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ ဆာလီဟီက ပြောကြားသည်။

ကုလသမဂ္ဂနှင့် အီရန်နိုင်ငံတို့၏ ဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ပြုလုပ်ခဲ့ပြီး ထိပ်တန်းသံတမန်များ တက်ရောက်ခဲ့ကြသည်။

အီရန်နိုင်ငံအလယ်ပိုင်း အာရပ်ဒေသ၌ ရေလေးဓာတ်ပေါင်းဖိုတစ်လုံးကို တည်ဆောက်နေခြင်းအတွက် ပြင်သစ်နိုင်ငံက စိုးရိမ်ပူပန်မိကြောင်း၊ ယင်းဓာတ်ပေါင်းဖို တည်ဆောက်သည့်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံများအကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**









ပြည်တွင်းရေးရာ

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့၌ လမ်း/တံတားများပြင်ဆင်ထိန်းသိမ်း

**နေပြည်တော်  နိုဝင်ဘာ ၁၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား(ပခုက္ကူ)ရိပ်သာ ရှင်းလင်းဆောင်၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များနှင့် အထူးအဖွဲ့ကြီးများမှ တာဝန်ခံအင်ဂျင်နီယာများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိမိတို့တာဝန်ယူဆောင်ရွက်သောလုပ်ငန်းများ တိုးတက်အောင်မြင်ရေး ပီပီပြင်ပြင်နှင့် ထိထိရောက်ရောက်ရှိအောင် ကြိုးစားဆောင်ရွက်ရန်၊ ပွင့်လင်းရာသီ ရောက်ပြီဖြစ်၍ လုပ်ငန်းများ အချိန်အဟုန်ဖြင့်ဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် လုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန်၊ ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ စိစစ်သုံးစွဲရန် မှာကြားသည်။

ထို့နောက် ပခုက္ကူမြို့ရှောင်လမ်းအား ကတ္တရာကွန်ကရစ်(AC) ခင်းနေမှု၊ ပခုက္ကူ-ပုလဲလမ်းအပိုင်း မိုင်တိုင်(၄၂/၁)နှင့် (၄၂/၂)ကြား၌ ကတ္တရာထပ်ပိုးလွှာခင်းနေမှုနှင့် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းအပိုင်း မိုင်တိုင်(၃၁/၇)နှင့်(၃၂/၀)ကြား ကတ္တရာလမ်းသားနိမ့်ကျသည့်အပိုင်းအား ပြန်လည်ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် လောင်ထောင်ချောင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းအပိုင်း မိုင်တိုင်(၆၃/၃)နှင့် (၆၃/၄)ကြား ခင်အေးချောင်းတံတား တည်ဆောက်နေမှု၊ လောင်ထောင်ချောင်းတံတား တည်ဆောက်နေမှု၊ မိုင်တိုင်(၁၀၇/၂)နှင့်(၁၁၅/၁)တို့၌ ကတ္တရာခင်းနေမှု၊ ဂန့်ဂေါ-ဟားခါးလမ်းအပိုင်း၌ လမ်းချဲ့ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ မိုင်တိုင်(၄၁/၅)နှင့်(၄၁/၆)ကြား တောင်မြေပြိုကျနေမှုအား ပြန်လည်ရှင်းလင်းထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကျိုက်ထီးရိုးဘုရားဖူးများအတွက် တောင်တက်ကားများအခမဲ့ပြေးဆွဲပို့ဆောင်ပေးမည်

**ကျိုက်ထို  နိုဝင်ဘာ ၁၁**

ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်သူများအတွက် တောင်တက်၊ တောင်ဆင်းကားများ အခမဲ့ပို့ဆောင်ပြေးဆွဲပေးခြင်းကို လာမည့်ဒီဇင်ဘာလတွင် စီစဉ်ထားကြောင်း တောင်တက်မော်တော်ယာဉ်အသင်းဥက္ကဋ္ဌ ဦးဝိတင်က ပြောသည်။

အဆိုပါပြေးဆွဲခြင်းကို လာမည့်ဒီဇင်ဘာ ၄ ရက်တွင် စီစဉ်ထားခြင်းဖြစ်ပြီး ယင်းနေ့တစ်ရက်တည်းတွင်သာ အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားခြင်းဖြစ်သည်။ ထိုအသင်းသည် နှစ်စဉ်ဒီဇင်ဘာလ ပထမပတ်၏ဗုဒ္ဓဟူးနေ့တွင် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ယင်းကဲ့သို့ အခမဲ့ပို့ဆောင်ပေးခြင်းဖြစ်ပြီး ယခုနှစ်တွင်(၁၁)နှစ်မြောက်နှစ်ပတ်လည်အဖြစ် စီစဉ်ထားခြင်းလည်းဖြစ်ကြောင်း သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကို မော်တော်ယာဉ်ဖြင့်သွားရောက်လိုသည့် ဘုရားဖူးများအတွက် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဂိတ်ဖွင့်၍ တောင်တက်မော်တော်ယာဉ်များဖြင့် ပြေးဆွဲပေးလျက်ရှိရာ ဒီဇင်ဘာ ၄ ရက်တွင် အသင်းတွင်ရှိသည့် တောင်တက်မော်တော်ယာဉ်များအားလုံးဖြင့် တစ်နေ့တာလုံး ကုသိုလ်ဖြစ်ပို့ဆောင်ပေးရန် စီစဉ်ထားခြင်းဖြစ်သည်ဟု သိရသည်။

**(၆၈၀)**

- ❖ **ကမ္ဘာ့ဘဏ်(World Bank)၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) စသည့်အဖွဲ့အစည်းများမှ ဘဏ္ဍာရေးဆိုင်ရာ ရှင်သန်နိုင်မှု (Financial Sustainability) ရှိစေရေးအတွက် ထုတ်လုပ်မှုကုန်ကျစရိတ် ကာမိစေသော ဓာတ်အားခနှုန်းထား (Utility Based Tariff)သတ်မှတ်သင့်ကြောင်း တိုက်တွန်းခဲ့။**
- ❖ **အများပြည်သူအိမ်သုံး တစ်လလျှင် ယူနစ် ၁၀၀ အောက် အသုံးပြုသူ ၅၈ ဒသမ ၇၉ ရာခိုင်နှုန်းအား အခြေခံလူတန်းစားအဖြစ် လည်းကောင်း၊ စီးပွားရေးစက်မှုသုံး တစ်လလျှင် ယူနစ် ၅၀၀၀ အောက် အသုံးပြုသူ ၈၂ ဒသမ ၆ ရာခိုင်နှုန်းအား အသေးစားနှင့် အလတ်စားစက်မှုစီးပွားရေးလုပ်ငန်းများအဖြစ် လည်းကောင်း သတ်မှတ်၍ ဓာတ်အားခနှုန်းထားပြင်ဆင်ရာတွင် စဉ်းစားဆောင်ရွက်ခဲ့။**
- ❖ **အခြေခံလူတန်းစားတို့အတွက် ယူနစ် ၁၀၀ အထိ ယခင်နှုန်းထားအတိုင်း တစ်ယူနစ် ၃၅ ကျပ်နှုန်းသာ ဆက်လက်ကောက်ခံရန်၊ အသေးစားနှင့် အလတ်စားစက်မှုစီးပွားရေးလုပ်ငန်းငယ်များအတွက် တစ်လလျှင် ယူနစ် ၅၀၀၀ အထိ ယခင်နှုန်းထား တစ်ယူနစ် ၇၅ ကျပ်အစား တစ်ယူနစ် ငွေကျပ် ၁၀၀ ဖြင့် ပြင်ဆင်ကောက်ခံမည်ဖြစ်။**






# လျှပ်စစ်မီတာခများ တက်ရခြင်းမှာ......

## အောင်ဇေ

ကျွန်တော်ဟာလျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ဘာမှ မပတ်သက်တဲ့ပြည်သူတစ်ယောက်။ အများမီးပျက်ရင် ကိုယ်လည်းပျက်၊ တစ်ယူနစ် ၅၀ ဆိုရင် ကျွန်တော်လည်း ၅၀ ပါပဲ။ မီတာခဈေးတက်တာ ကျွန်တော်လည်းဘယ်ကြိုက် ပါ့မလဲ။ ကိုယ့်အိတ်ထဲက ပိုက်ဆံထွက်တာကိုကြိုက်တဲ့သူ ဘယ်သူမှမရှိ။ ဒါပေမယ့် လျှပ်စစ်ဓာတ်အားခတွေ တက်တယ်ဆိုတာ သာမန်တော့မဟုတ်နိုင်ဘူး၊ အင်မတန် ခိုင်လုံတဲ့အကြောင်းရှိရမယ်ဆိုပြီး ဝန်ကြီးဌာနက ခင်မင်တဲ့ မိတ်ဆွေတစ်ယောက်ကို မေးကြည့်တဲ့အခါမှာ တော့ အင်မတန်ခိုင်မာတဲ့အချက်အလက်တွေ ရခဲ့တယ်။

ဒီအချက်အလက်တွေကို အမှန်အတိုင်း တင်ပြမယ်။ ဒါဟာတိုင်းပြည်အတွက် လုပ်တာ။ အခု ကျွန်တော်တင်ပြမယ့်အချက်အလက်တွေဟာ စိတ်ကူး၊ စိတ်မှန်းနဲ့ ရေးတဲ့ ကိစ္စတွေ တစ်ခုမှမပါဘဲ တကယ်ခိုင်လုံတဲ့ အချက်အလက်တွေရပြီးမှရေးတာဖြစ်တယ်။ ဒီအချက်အလက်တွေကို ဝန်ကြီးဌာနမှာ စုံစမ်းလို့လည်းရပါတယ်။

ရှေးဦးစွာ ပြောချင်တာက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဟာ အရှုံးနဲ့လည်ပတ်နေရတဲ့ ဝန်ကြီးဌာနဖြစ်တယ်။ လက်ရှိအနေအထားအရ တစ်နှစ်ကိုဝန်ကြီးဌာနက ၁၈၅ ဘီလီယံကျပ်အရှုံးနဲ့ ပြည်သူတွေကို မီးပေးနေရတယ်။ "မင်းတို့ အစိုးရပဲကွာ၊ ပြည်သူတွေကို မီးပေးလို့ ရှုံးတာ၊ တိုင်းပြည်အတွက်ပဲ၊ မင်းတို့ရှုံးလေ ပြည်သူတွေအကျိုး ရှိလေပဲ၊ ရှုံးပါစေပေ့ါ"လို့ ပြောမယ်ဆိုရင်လည်းဖြစ်ပါတယ်။

ပြီးတော့ "မင်းတို့မီးက လာတစ်ချက် မလာတစ်ချက်နဲ့ မီးတောင်နပ်မှန်အောင်မပေးနိုင်ဘဲနဲ့များ ဈေးကတက် လိုက်ချင်သေးတယ်"လို့ ပြောမယ်ဆိုလည်း ပြောလို့ရပါ တယ်။ ဒါတွေဟာအမှန်တွေပဲ။ ဒါပေမယ့် တစ်ဖက်က လည်း ဝန်ကြီးဌာနဘက်ကို နည်းနည်းငဲ့စောင်းကြည့်သင့် တယ်။ လူတစ်ယောက် သို့မဟုတ် အိမ်တစ်အိမ်မှာ အကြွေးတွေ ပွနေရင်ဘယ်လိုမှကြီးပွားတိုးတက်ဖို့မရှိပါ ဘူး။ ဝန်ကြီးဌာနမှာအခုလိုအရှုံးတွေခံ၊ အကြွေးတွေဗရပွ ဖြစ်နေရင် အဲဒီဝန်ကြီးဌာနဟာ တိုင်းပြည်ထူထောင်ရေး ကိုဘယ်လိုမှ မထောက်ပံ့နိုင်ဘူး။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှာ အခုလိုအရှုံးတွေ နဲ့သာ လည်ပတ်နေရရင် တိုင်းပြည်ကြီး မီးထိန်ထိန်လင်း ဖို့အရေးဟာ ဝေးသည်ထက်ဝေးပြီပေ့ါ။ ဘယ်ကပိုက်ဆံနဲ့ လျှပ်စစ်ဓာတ်တွေ များသထက်များအောင် လုပ်နိုင်မလဲ။ ဘယ်ကပိုက်ဆံနဲ့ ဓာတ်အားပေးစက်ရုံတွေ တည်မလဲ။ ဘယ်က ပိုက်ဆံနဲ့ ကေဘယ်လ်ကြိုးတွေ၊ တာဝါတိုင်တွေ၊ ဓာတ်တိုင်တွေ ဝယ်မလဲ။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဆိုတာ စည်ပင်လိုမျိုး၊ အခွန်ဌာနလိုမျိုး အခွန်ကောက်လို့ရတဲ့ အမျိုးမဟုတ်ဘူး။ လျှပ်စစ်ဓာတ်အားခ ကောက်ခံတာကလွဲပြီး ဘာဝင်ငွေမှ ရှိတာမဟုတ်ဘူး။ သူတို့လည်း တိုင်းပြည်တစ်ပြည်လုံး မီးလင်းစေချင်မှာပဲ။ ကိုယ့်ဝန်ကြီးဌာနအတွက် ပြည်သူ လူထုရဲ့ လက်ခုပ်သံကို နားထောင်ချင်ကြမှာပဲ။ ဘာမှ မလုပ်နိုင်ဘဲနဲ့ ပြည်သူလူထု အဆဲခံဖို့အတွက် ဒီနေရာမှာ ဘယ်သူနေချင်မလဲ။

ဒါပေမယ့် ရိုးရိုးလေးပဲ စဉ်းစားကြည့်၊ ငွေမရှိလို့တော့ ဘာမှ မလုပ်နိုင်ဘူး။ ထိုက်သင့်တဲ့ ငွေကြေးတော့ ရှာရ မှာပဲ။ ဒီနေရာမှာ ပြည်သူတွေ နားလည်ဖို့၊ ထိုက်သင့်တဲ့ ငွေကြေးဆိုတာ ရှင်းပြဦးမယ်။ လက်ရှိ မီတာခဟာ အခု တိုးမြှင့်ကောက်ခံတဲ့ ဈေးနှုန်းနဲ့ တွက်ရင်ကို အာဆီယံနိုင်ငံ တွေထဲမှာ ဈေးအနည်းဆုံးဖြစ်နေပါသေးတယ်။ အာဆီယံ နိုင်ငံတွေထဲမှာ မီတာခ ဈေးအကြီးဆုံးက ဖိလစ်ပိုင်ဖြစ်ပြီး တစ်ယူနစ်ကို ၂၇ ဒသမ ၈ ဆင့်ကျပါတယ်။ တစ်ဒေါ် လာမှာ ၁၀၀ ဆင့်ရှိပါတယ်။ ဈေးအနည်းဆုံးက မြန်မာနဲ့ ကမ္ဘောဒီးယားတို့ဖြစ်ပြီး အခုသတင်းစာမှာ ကြော်ငြာတဲ့ တိုးမြှင့်တဲ့ ဈေးနှုန်းကို ကိုယ့်ဘာသာကိုယ် တွက်ကြည့်ကြပါ။

ပထမဆုံးပြောချင်တာကတော့ မြန်မာနိုင်ငံတစ်ဝန်း လုံးရဲ့ ၃၀ ရာခိုင်နှုန်းပဲ EPC ဓာတ်အားပေးနိုင်သေးတယ်။ နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းဟာ လျှပ်စစ်မီးမရှိကြသေးဘူး။

အဲဒီတော့ ဒီဓာတ်အားခ တိုးမြှင့်မှုဟာ နိုင်ငံတစ်ဝန်းလုံးရဲ့ ၃၀ ရာခိုင်နှုန်းမှာပဲ အကျိုးထိခိုက်မှုဖြစ်မယ်။ ဒါ့ထက် အသေးစိတ်ပြောရရင် မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မြို့ပေါင်း ၃၃၆ မြို့မှာ ၂၂၄ မြို့ပဲ လျှပ်စစ်ဓာတ်အား ရရှိတယ်။ ကျန် ၁၇၂ မြို့နယ်မှာ လျှပ်စစ်လုံးဝ မပေးနိုင်သေးဘူး။ ဒါကြောင့် ဒီလျှပ်စစ်ဓာတ်အား မပေးနိုင်သေးတဲ့ မြို့တွေကို လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ EPC မှာ ပိုက်ဆံလိုတယ်။ ဒါကြောင့် အရှုံးကြီးရှုံးနေရတဲ့ဘဝကနေ အရှုံးလေးဖြစ် အောင် မီတာခနည်းနည်းတိုးလိုက်ရတယ်။ မဖြစ်မနေလွန်း လို့ တိုးလိုက်ရတယ်။

အဲဒီတော့ လျှပ်စစ်မီးရှိတဲ့ နိုင်ငံရဲ့ ၃၀ ရာခိုင်နှုန်း (မြို့ပေါင်း ၂၂၄ မြို့)မှာ နေထိုင်တဲ့ ပြည်သူလူထုတွေ ဘယ်လောက်နစ်နာမှုရှိသလဲ၊ တွက်ကြည့်ရအောင်။

သာမန်ပြည်သူအများစု (အဲယားကွန်းမရှိ၊ ရေခဲ သေတ္တာ)ဟာ မီးကို စနစ်တကျ ချွေတာရင် ယူနစ် ၁၀၀ သို့မဟုတ် ၁၀၀ စွန်းစွန်းနဲ့ သုံးနိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ရှိတဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းအများစုဟာ ၅၀၀၀ ယူနစ်အောက်ပဲရှိတယ်။ ဒါကြောင့် စက်မှုဖွံ့ဖြိုး တိုးတက်ရေးအတွက် ထိခိုက်မှုမရှိတာကိုလည်း တွေ့ရှိရတယ်။

ဓာတ်အားတစ်ယူနစ်ဟာ နှစ်ပေမီးချောင်းတစ်ချောင်း နာရီ ၅၀ သုံးစွဲခြင်းဖြစ်တယ်။ အဲဒီတော့ယူနစ် ၁၀၀ ဆိုရင် တစ်လကိုနှစ်ပေမီးချောင်း တစ်ချောင်း၊ နာရီ ၅၀၀၀ ထွန်းလို့ ရတယ်။ အဲဒီတော့ အိမ်တစ်အိမ်မှာ နှစ်ပေမီးချောင်း ငါးချောင်းပြိုင်ထွန်းရင် နာရီ ၁၀၀၀ ထွန်းလို့ရတယ်။ တစ်လကိုနာရီ ၁၀၀၀ ဆိုတော့ တစ်နေ့ကိုပျမ်းမျှ ၃၅ နာရီလောက်နှစ်ပေမီးချောင်း ငါးချောင်းထွန်းလို့ရတယ်။ လေးပေ ငါးချောင်းထွန်းရင်တော့ ၁၇ နာရီလောက် တစ်နေ့ ထွန်းလို့ရပါတယ်။ အဲဒီတော့ Lighting အတွက်တော့ သာမန်ပြည်သူတွေယူနစ် ၁၀၀ ဆို လုံလောက်ပါတယ်။

လက်ရှိမှတ်တမ်းများအရလည်း ရန်ကုန်တိုင်းဒေသကြီး အတွင်းမှာရှိတဲ့ မီးသုံးသူဦးရေ ၉၈၀၀၀၀ ကျော်အနက် တစ်လမီတာယူနစ် ၁၀၀ အောက်ပဲ သုံးစွဲသူဦးရေ ၄၄၀၀၀၀ ကျော်ရှိနေပါတယ်။ ရာခိုင်နှုန်းဖြင့် ၄၅ ရာခိုင်နှုန်း လောက်ရှိတာကိုတွေ့ရှိရပါတယ်။

ခုန မီတာတစ်ယူနစ်ရဲ့ နှုန်းထားတွေကိုဆက်ပြီးတွက် ပြပါမယ်။ အဲဒီ ရေခဲသေတ္တာမရှိ၊ အဲယားကွန်းမရှိ၊ တွင်း ရေချိုးတဲ့ပြည်သူတွေထက် တစ်ဆင့်ထက်တစ်ဆင့် လူနေမှု မြင့်မားတဲ့ပြည်သူတွေမှာတော့ ဓာတ်အား ၁၀၀ ကျော်သုံးရင် မူလ ၃၅ ကျပ်ကနေ တိုးပြီး ၅၀ ကျပ်ဖြစ်ပါမယ်။ လက်ရှိ မှတ်တမ်းများအရ ဓာတ်အားခနှုန်းထား နှစ်ဆတက်တယ် ဆိုတဲ့ ဓာတ်အားသုံးစွဲသူဦးရေဟာ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးရှိ မီးသုံးသူဦးရေ ၉၈၀၀၀၀ ကျော်အနက် ၃၈၄၀ ပဲရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့် သုည ဒသမ ၃၉ ရာခိုင်နှုန်း ပဲရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများသာဖြစ်ပါတယ်။

> **မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ မြို့ပေါင်း ၃၃၆ မြို့မှာ ၂၂၄ မြို့ပဲ လျှပ်စစ်ဓာတ်အား ရရှိတယ်။ ကျန် ၁၇၂ မြို့နယ်မှာ လျှပ်စစ်လုံးဝမပေးနိုင်သေးဘူး။ ဒါကြောင့် ဒီလျှပ်စစ်ဓာတ်အား မပေးနိုင်သေးတဲ့မြို့တွေကို လျှပ်စစ်ဓာတ်အားပေးနိုင်ဖို့ EPC မှာ ပိုက်ဆံလိုတယ်။ ဒါကြောင့် အရှုံးကြီးရှုံးနေရတဲ့ဘဝကနေ အရှုံးလေး ဖြစ်အောင် မီတာခနည်းနည်းတိုးလိုက်ရတယ်။ မဖြစ်မနေလွန်းလို့ တိုးလိုက်ရတယ်။**

အဲဒီတော့ ပြည်သူတွေဗဟုသုတဖြစ်ဖို့ ထင်သာမြင်သာ အောင် ဓာတ်အားတစ်ယူနစ်အသုံးပြုနိုင်မှု ဥပမာပေးပါ မယ်။

(၁) နှစ်ပေမီးချောင်းတစ်ချောင်း နာရီ ၅၀
(၂) လေးပေမီးချောင်းတစ်ချောင်း နာရီ ၂၅
(၃) ၁၀၀၀ ဝပ် ထမင်းပေါင်းအိုးတစ်လုံး ၁ နာရီ
(၄) ၇၅၀ ဝပ် မီးပူတစ်လုံး ၁ နာရီ မိနစ် ၂၀
(၅)၂၁ လက်မ တီဗွီတစ်လုံး + ဒီဗွီဒီတွဲဖွင့် ၁၀ နာရီ

အဲဒီဟာတွေဟာ တစ်ယူနစ်ဖြစ်ပါတယ်။ ရေခဲသေတ္တာ၊ အဲယားကွန်းတွေကတော့ ဒီထက်များပါလိမ့်မယ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အရှုံးပေါ်နေတဲ့ ကိစ္စကို လည်း ပြောဦးမယ်။ ဒါလည်း ထင်သာမြင်သာပဲပေ့ါ။ ဒါနဲ့ နေပါဦး၊ သက်ဆိုင်ရာဝန်ကြီးဌာနက မပြောဘဲနဲ့ မင်းက ဘာကိစ္စ ဓားခုတ်ရာ လက်ဝင်လျှိုနေရသတုံးလို့ ပြောရင် ကျွန်တော်ဟာ မြန်မာပြည်သားတစ်ယောက်ဖြစ်လို့ပေ့ါ။ တိုင်းပြည်ကို ကမ္ဘာ့အဆင့်မီ အင်မတန်ဖြစ်စေချင်တဲ့သူ၊ ကားမောင်းရင်လုံးဝစည်းမဲ့ကမ်းမဲ့ မမောင်းတဲ့သူ၊ လမ်းပေါ်မှာ ကွမ်းတံတွေးလုံးဝမထွေးဖူးတဲ့သူ၊ လျှပ်စစ်စွမ်းအားဝန်ကြီး ဌာနနဲ့ မီးအားမြှင့်စက်ကလေး တစ်လုံးတောင် မပတ်သက်ဖူး တဲ့သူ၊ ဘယ်ဝန်ကြီးဌာန၊ ဘယ်ဝန်ကြီးဆီကိုမှ ဘယ်ခေတ်က မှ မရောက်ဖူးတဲ့သူ၊ တိုင်းပြည်တာဝန်ကိုနှစ် ၃၀ ထမ်းဆောင်ခဲ့ပြီးနောက် မြေတစ်ကွက် အိမ်တစ်လုံးမရှိတဲ့ သူ၊ ပြည်သူတွေကို မတရားဖိနှိပ်ရင် သွေးပွက်ပွက်ဆူတဲ့သူ၊ တိုင်းပြည်ကောင်းစားဖို့မိနစ်နဲ့အမျှ အရေးကြီးနေတဲ့ အချိန်မှာ ဘေးလွယ်အိတ်တွေကို နည်းနည်းမှ ကြည့်လို့ မရတဲ့သူ၊ ခရိုနီတွေကို ထိုင်ဆဲနေမယ့်အစား သူတို့လုပ်ခဲ့လို့ တိုင်းပြည်ရဲ့ တချို့ကဏ္ဍတွေမှာ တိုးတက်လာတာ အသိ အမှတ်ပြုပြီး ဒီပုဂ္ဂိုလ်တွေကို တိုင်းပြည်ထူထောင်ရေးမှာ သူတို့ရရှိထားတဲ့နိုင်ငံပိုင်ငွေကြေးတချို့နဲ့ ဘယ်လိုစည်းရုံး ပူးပေါင်းရမလဲ အမြဲစဉ်းစားနေတဲ့သူ တစ်ယောက်သာ ဖြစ်ပါတယ်။ ဒါကြောင့် ရေးသင့်တယ်ထင်လို့ရေးပါတယ်။

ပြည်သူတစ်ယောက်အနေနဲ့ ရေးခွင့်ရှိပါတယ်။ စေတနာနဲ့ပြောလို့ အမုန်းခံရတာမျိုးလောက်ကတော့ အရေးထူနေလှပြီ။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အရှုံးပေါ်ပုံကို ပြောဦး မယ်။ မီတာတစ်ယူနစ်အတွက် ထုတ်လုပ်မှုကုန်ကျငွေကို ဟောသည်မှာကြည့်ပါ။

- ကျောက်မီးသွေးနဲ့ မီတာတစ်ယူနစ်ထုတ်ရင် ကုန်ကျငွေ ၁၀၀ ကျပ်
- သဘာဝဓာတ်ငွေ့နဲ့ မီတာတစ်ယူနစ်ထုတ်ရင် ကုန်ကျငွေ ၁၃၀ ကျပ်
- နေရောင်ခြည်စွမ်းအင်နဲ့ မီတာတစ်ယူနစ်ထုတ်ရင် ကုန်ကျငွေ ၁၆၀ ကျပ်
- ရေအားလျှပ်စစ်နဲ့ မီတာတစ်ယူနစ်ထုတ်ရင် ကုန်ကျငွေ ၅၀ ကျပ်မှ ၇၀ ကျပ်

အဲဒီတော့ ပေါင်းချုံကြည့်ရင် မီတာတစ်ယူနစ်အတွက် ထုတ်လုပ်စရိတ် ၇၈ ကျပ်ကျပါတယ်။

နိုင်ငံတော်ရဲ့ လက်ရှိဓာတ်အားထုတ်လုပ်မှုမှာ ရေအားလျှပ်စစ်က ၇၀ ရာခိုင်နှုန်းဖြစ်နေလို့ နွေမှာ ရေနည်းတဲ့အခါ ဓာတ်အားမလုံလောက်မှုရှိပါတယ်။

အဲဒီတော့ မီတာတစ်ယူနစ်ရောင်းတိုင်း EPC က ၂၂ ကျပ် ရှုံးပါတယ်။ ဒါကြောင့် ဒီဆောင်းပါးအစမှာ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနက တစ်နှစ်ကို အရှုံးငွေကျပ်ပေါင်း ၁၈၅ ဘီလီယံရှိတယ်လို့ ပြောခြင်းဖြစ်ပါတယ်။ အဲဒီလို ရှုံးတဲ့အခါ ထုံးစံအတိုင်း ကြွေးတွေထူလာပါတယ်။ World Bank, ADB, JICA တို့က ချေးငွေတွေကလည်း ပြန်ဆပ်ရမှာဖြစ်တယ်။ အဲဒီလို မလှုပ်သာမလှည့်သာ အခြေအနေရောက်လာတဲ့အတွက် အဲဒီငွေချေးထားတဲ့ အဖွဲ့တွေကလည်း လျှပ်စစ်ဓာတ်အားကို ဒီလောက်ဈေး ပေါပေါနဲ့ ရောင်းနေရင်တော့ ငါတို့ အကြွေးတွေ ဒီ တစ်သက်ပြန်ရစရာ မရှိတော့ဘူးဆိုပြီး လျှပ်စစ်ဈေးကို နည်းနည်းတိုးမြှင့်ဖို့၊ အာဆီယံနိုင်ငံအားလုံးရဲ့ လက်ရှိ ဈေးနဲ့ယှဉ်လိုက်ရင် မတန်တဆဈေးပေါနေလို့ ဗီယက်နမ်လို နိုင်ငံမျိုးမှာတောင် မီတာတစ်ယူနစ် ၁၂ ဒသမ ၇၅ ဆင့်ပေးနေရတာ။ မြန်မာက ၃ ဒသမ ၇ ဆင့်ဆိုတော့ ဈေးနည်းနည်းတင်သင့်ကြောင်း အကြံပြုကြပါတယ်။

ပြီးတော့ ဒီလိုဈေးတက်တာဟာ ဝန်ကြီးတစ်ယောက် တည်းသဘောနဲ့ ဈေးတက်လိုက်စမ်းကွာလို့ ဆင်ခြင်မဲ့စွာ ဆုံးဖြတ်ခြင်းမဟုတ်၊ ဝန်ကြီးဌာနက လက်တမ်းလုပ်တာမျိုး မဟုတ်ဘူး။ မြန်မာနိုင်ငံထဲက စီးပွားရေးပညာရှင်တွေ၊ အတတ်ပညာရှင်တွေ၊ World Bank, ADB, JICA တို့က ပညာရှင်တွေ လေ့လာသုံးသပ်တင်ပြချက်တွေကို ထည့်သွင်းစဉ်းစားဆောင်ရွက်ခဲ့တာဖြစ်တယ်။ အစိုးရ အဖွဲ့ကိုတင်ပြ၊ နောက်ဆုံးအစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

လျှပ်စစ်ဆိုတာ ဘယ်လိုအကြောင်းကြောင်းကြောင့် ဖြစ်ဖြစ် ချွေတာရမှာပါ။ ကိုယ့်အိတ်ထဲက ပိုက်ဆံ တစ်ပြားမှမကုန်လည်း ချွေတာရမယ့်အမျိုးပါပဲ။ နိုင်ငံခြားမှာ နေဖူးတဲ့သူအားလုံး အသိပါပဲ။ မလိုတဲ့မီး၊ ပန်ကာ၊ အဲယားကွန်း အကုန်ပိတ်ကြပါတယ်။

ဒီလို လျှပ်စစ်ဈေးနှုန်းတွေတက်လို့ ကုန်ဈေးနှုန်းတွေ တက်တော့မယ်ဆိုတာလည်း အတိုင်းအတာတစ်ခုအထိ မှန်ပါတယ်။ လျှပ်စစ်မီးကိုအမှီပြုပြီး လုပ်ရတဲ့ စီးပွားရေး လုပ်ငန်းရှင်ကြီးတစ်ယောက်ရဲ့ ဝင်ငွေဟာ တစ်လကို သိန်း ၁၀၀ ရှိတယ်ဆိုရင် မီတာဈေးနှုန်းတက်သွားလို့ ၉၅ သိန်းပဲဝင်ငွေရှိမယ်။ နိုင်ငံတော်ရဲ့ လျှပ်စစ်ကဏ္ဍ ဖွံ့ဖြိုးဖို့၊ ပြည်သူတွေ မီးလင်းလင်းနေရဖို့၊ ဓာတ်အားစက်ရုံ တွေ တည်ဆောက်နိုင်ဖို့ သူ့ဝင်ငွေထဲက မပြောပလောက် တဲ့ ပမာဏတော့ စွန့်ရမှာပဲ။ ဒါပေမယ့် သူက သိန်း ၁၀၀ မှ သိန်း ၁၀၀ ပဲ၊ တစ်ပြားမှ မလျှော့နိုင်ဘူးဆိုရင်တော့ ကုန်ဈေးနှုန်းတွေမြင့်တက်မယ်။ ပြည်သူတွေစားဝတ် နေရေး ကျပ်တည်းလာမှာပဲ။

ခေတ်ကာလနဲ့ ကြည့်ရင်တော့ ၁၉၈၀ ခုနှစ်မှာ မီတာခ တစ်ယူနစ် ပြား ၅၀၊ ဆေးလိပ်တစ်လိပ် ၁၅ ပြား၊ လက်ဖက်ရည်တစ်ခွက်ပြား ၅၀၊ ဓာတ်ဆီတစ်ဂါလန် သုံးကျပ်ခွဲကနေ ယခု ၂၀၁၃ ခုနှစ်မှာ ဆေးလိပ် တစ်လိပ် ၃၅ ကျပ်၊ လက်ဖက်ရည်တစ်ခွက် ၃၀၀ ကျပ်၊ ဓာတ်ဆီ တစ်ဂါလန် ကျပ် ၄၀၀၀ ဆိုတော့ အဆပေါင်းတွေ ၁၀၀-၁၅၀ ဆလောက်တက်ချိန်မှာ မီတာခကပြား ၅၀ ကနေ အခု ၃၅-၅၀ ကျပ်ဆိုတော့ သူလည်းပဲ အဆ ၇၀- ၁၀၀ ဆလောက်တက်မှာ ဧကန်မုချပါပဲ။ မတန်တဆပိုပြီး တိုးမြှင့်တာမဟုတ်ပါဘူး။

ဒါဟာပြည်သူလူထုကို ကျွန်တော်တင်ပြချင်တဲ့ မီတာခ တိုးမြှင့်ရခြင်းအကြောင်းပါပဲ။ ဒီလောက်ပါပဲ။ ။

---

# တောင်တွင်းကြီး၌ ငါးရှဉ့်ဈေးကောင်း၍ မျိုးထောင်သူများလာ

**တောင်တွင်းကြီး နိုဝင်ဘာ ၁၁**

ယခု လတ်တလော မိုးနှောင်းရာသီတွင်ရေရှိသည့် လယ်ကွက်များ၊ ရေမြောင်းများ၌ ငါးရှဉ့်များအနေများသဖြင့် ငါးရှဉ့်မျိုးထောင်သူများ အလုပ်ဖြစ်လျက်ရှိကြောင်း ဒေသခံတစ်ဦး၏ပြောပြချက်အရ သိရ သည်။

မြို့သစ် မြို့နယ်၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ငါးရှဉ့်မျိုး ထောင်သူများသည် ညနေနေဝင်ချိန်တွင် ရေရှိသောလယ်ကွက်များ၊ ဆည်ရေသွင်းမြောင်းများ၌ ငါးရှဉ့်မြှုံးများချ၍ နောက်တစ်နေ့နံနက် တွင်ပြန်လည်ဆယ်ယူကြကြောင်း၊ ငါးရှဉ့်ပုံးအတွင်း၌ ပုစွန်ဆိတ်၊ တီကောင် အစာများထည့်ထားသော ငါးရှဉ့်ပုံးအလုံး ၁၀၀ ခန့်မှ ငါးရှဉ့် ကောင်ရေ ၁၀ ကောင် မှ ၃၀ အထိရရှိကြောင်း၊ အကောင်ကြီးပါက လေးကောင်လျှင်တစ်ပိဿာ ခန့်ရှိကြောင်း၊ မြှုံးထောင်၍ရရှိသောငါးရှဉ့် များကို ပွဲရုံများသို့လက်ရှိပေါက်ဈေး ငွေကျပ် ၆၅၀၀ ခန့်ဖြင့် ရောင်းချရ ကြောင်း ငါးရှဉ့်မြှုံးထောင်သူများထံမှသိရသည်။ **(နိုင်ဝင်း)**

---

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှမသုံးရ**

ပြည်သူ့လွှတ်တော် အစည်းအဝေး

# မှန်ကန်သော ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေး နည်းစနစ်များဖြင့် ပြုစုပျိုးထောင်ရန်လိုအပ်

**နေပြည်တော်  နိုဝင်ဘာ  ၁၁**

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းကကျင်းပရာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ထိုင်းနိုင်ငံရှိ အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေရသူများနှင့်ပတ်သက်၍ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ထိုင်းနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော မြန်မာနိုင်ငံသား အကျဉ်းသားများအရေအတွက်မှာ စုစုပေါင်းခန့်မှန်းခြေ (၃၀၀၀)ကျော်ခန့်ရှိသည်ကို သိရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထိုင်းနိုင်ငံတွင် အကျဉ်းကျနေကြသော မြန်မာနိုင်ငံသား အကျဉ်းသားများ လွတ်မြောက်ရေး၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့်ရရှိရေးနှင့် ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်ခွင့်များရရှိရေးတို့အတွက် ထိုင်းနိုင်ငံ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအပြင် သံတမန်နည်းလမ်းများအရပါ စဉ်ဆက်မပြတ်ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုင်းနိုင်ငံ၏ အစဉ်အလာအရ ထိုင်းဘုရင်နှင့် မိဖုရားကြီးတို့၏ မွေးနေ့အခါသမယ(ဒီဇင်ဘာ ၅ရက်နှင့် ဩဂုတ် ၁၂ ရက်)တို့တွင် ထိုင်းလူမျိုးများအပါအဝင် ထိုင်းနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များတွင် ပြစ်ဒဏ်အသီးသီးကျခံနေရသူများကို ပြစ်ဒဏ်လျှော့ပေါ့ခြင်းများနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများ အခါအားလျော်စွာ ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၉ ရက်အထိ မြန်မာနိုင်ငံသားအကျဉ်းသားများကို ပြန်လည်လွှတ်ပေးခဲ့ခြင်းမရှိသေးသည်ကို သိရှိရပါကြောင်း၊ သို့ဖြစ်၍ ဒီဇင်ဘာ ၅ ရက်၌ကျရောက်မည့် ထိုင်းဘုရင်မင်းမြတ်၏မွေးနေ့တွင် မြန်မာနိုင်ငံသားအကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေးအတွက် ဗန်ကောက်မြို့ရှိ မြန်မာနိုင်ငံသံရုံးအနေဖြင့် ထိုင်းနိုင်ငံရှိ သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားမေတ္တာရပ်ခံထားရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။



ပြည်ထဲရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်။



ဘဏ္ဍာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်။

ထို့ပြင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးက **ပြည်ထောင်စုအစိုးရ၏ နိုင်ငံပိုင်သိမ်းဆည်းထားသော ပစ္စည်းများစီမံခန့်ခွဲမှုကော်မတီက ရောင်းချခဲ့သည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ တံဆိပ်ခေါင်းခွန် တိမ်းရှောင်မှုများအတွက် တံဆိပ်ခေါင်းခွန်နှင့် ဒဏ်ငွေများပြန်လည် ကောက်ခံစေပါရန် နိုင်ငံတော်သမ္မတအားတိုက်တွန်းကြောင်း** အဆိုကို တင်သွင်းပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုအပေါ် လွှတ်တော်က မှတ်တမ်းတင်ထားရှိပြီး ပညာရှင်များနှင့်သီးခြားအချိန်ယူ ဆွေးနွေးမှုများပြုလုပ်ကာ လွှတ်တော်သို့ ပြန်လည်တင်ပြရန်နှင့် ရရှိလာသည့်အဖြေအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အလားတူ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးသိန်းလွင်က လျှပ်စစ်ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့သည်။

ထို့အတူ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်က **တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေကြမ်း**ကို လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခဲ့သည်။

ယနေ့အစည်းအဝေးတွင် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပေးပို့သော **ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက ဆွေးနွေးခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ရှင်းလင်းဆွေးနွေးခြင်းများပြုလုပ်ပြီး ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

နေ့ကလေးထိန်းဌာနများနှင့် မူလတန်းကြိုကျောင်းများကို ရှေးဦးကလေးသူငယ်များဖွံ့ဖြိုးရေးဆိုင်ရာ စံနှုန်းများနှင့်အညီ စနစ်တကျကြီးကြပ်နိုင်ရန်၊ နည်းပညာနှင့်စီမံခန့်ခွဲမှုဆိုင်ရာအကူအညီများပေးနိုင်ရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အခြေခံမူအရ ကလေးသူငယ်များ၊ မိဘမဲ့ကလေးများနှင့် ကျဆုံးသောတပ်မတော်သားများ၏ ကလေးများအား နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်နိုင်ရန် ရေးဆွဲ ပြဌာန်းခြင်းဖြစ်သည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

အမျိုးသားလွှတ်တော် အစည်းအဝေး

# သက်ကြီးရွယ်အိုများ ဝင်ငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  နိုဝင်ဘာ  ၁၁**

လူမှုဝန်ထမ်းဦးစီးဌာနသည် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်ထားသည့် ဘိုးဘွားရိပ်သာများကို အဆင့်(၃)ဆင့်ခွဲ၍ နှစ်စဉ် ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဘိုးဘွားရိပ်သာ(၆၃)ခုသို့ ထောက်ပံ့ငွေကျပ်(၁၃၀ ဒသမ ၂၄)သန်းကျော် ထောက်ပံ့ပေးခဲ့ပါကြောင်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ **နိုင်ငံသား သက်ကြီးရွယ်အိုများကို Senior Citizenship အဖြစ်သတ်မှတ်ကာ ထိုက်သင့်သော သက်သာချောင်ချိမှုများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လူမှုဝန်ထမ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (မြန်မာ)တို့ ပူးပေါင်း၍ ရပ်ရွာအခြေပြုသက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များကို ရန်ကုန်၊ ဧရာဝတီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်၊ မွန် ပြည်နယ်တို့ရှိ မြို့နယ်(၁၀)မြို့နယ်၊ ကျေးရွာ(၈၃)ရွာတို့၌ ဖွဲ့စည်းပြီး အသက်မွေးဝမ်းကျောင်းမှု အစီအစဉ်များကိုဆောင်ရွက်ခြင်းဖြင့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အလားတူ ကျေးရွာ(၅၅)ရွာတွင် သက်ကြီးသူများ အခြေခံကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ စိုက်ပျိုးရေးနည်းပညာသင်တန်းပေးခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းပြုလုပ်နိုင်အောင် ဆောင်ရွက်ပေးခြင်း၊ မိုးရေသိုလှောင်ထိန်းသိမ်းသည့် အဆောက်အအုံ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ
ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်။

ထို့ပြင် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လူမှုရေးအရ စောင့်ရှောက်ပေးရန် လိုအပ်နေသော သက်ကြီးရွယ်အိုများအတွက် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (Day Care Center for the Aged)ကို ရန်ကုန်မြို့တွင် ဖွင့်လှစ်နိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိသည့်အပြင် အသက်(၇၀)နှစ်အထက် သက်ကြီးရွယ်အိုများအတွက် လူမှုအကူအညီ (Social Assistance) ထောက်ပံ့ပေးနိုင်ရန်အတွက် အမျိုးသားစီမံကိန်းဥပဒေ(မူကြမ်း)တွင်လည်း ထည့်သွင်းရေးဆွဲတင်ပြထားပါကြောင်း။

လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတော်၏သက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒ၊ လုပ်ငန်းအစီအစဉ်များ ချမှတ်ရာတွင် အထောက်အကူရရှိစေရန်နှင့် နှစ်စဉ်တိုးပွားလာသော သက်ကြီးရွယ်အိုများအား စောင့်ရှောက်ရန်အတွက် အမျိုးသားအဆင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းစီမံချက်(မူကြမ်း) ကို သက်ဆိုင်ရာအစိုးရဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ရေးဆွဲလျက်ရှိသည့်အပြင် သက်ကြီးရွယ်အို အခွင့်အရေးများဆိုင်ရာဥပဒေ(မူကြမ်း)ရေးဆွဲပြဋ္ဌာန်းနိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုပါဥပဒေများ ပေါ်ပေါက်လာချိန်နှင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာချိန်တွင် ဝါရင့်နိုင်ငံသား(Senior Citizenship)ကိစ္စရပ်များကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

မေးခွန်းရှင် ဒေါက်တာမြတ်ဉာဏစိုးက "အခုကမ္ဘာမှာ သက်ကြီးရွယ်အိုတွေရဲ့ အချိုးအစားက အတော်မြင့်တက်လာပါတယ်။ နိုင်ငံတိုင်းမှာလည်း စိန်ခေါ်မှုတစ်ရပ်အနေနဲ့ ဖြစ်ပေါ်လာပါတယ်။ သက်ကြီးရွယ်အိုဆိုတာ သူတို့ သန်စွမ်းစဉ်အခါက နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ နိုင်ငံ့တာဝန်ဆိုရာမှာလည်း နိုင်ငံ့ဝန်ထမ်းတစ်ခုတည်းကို ဆိုလိုတာမဟုတ်ပါဘူး။ သက်ဆိုင်ရာကဏ္ဍနယ်ပယ်အသီးသီးမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့သူတွေ ကုန်သွယ်မှု၊ ကုန်ထုတ်စွမ်းအားနဲ့ ဝန်ဆောင်မှုလုပ်ငန်း စတဲ့နယ်ပယ်အသီးသီးမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ အခုအချိန်မှာတော့ အိုမင်းမစွမ်းဖြစ်လာပါပြီ။ မြန်မာနိုင်ငံအနေနဲ့ သက်ကြီးရွယ်အိုစောင့်ရှောက်မှုဆိုရင် ဘိုးဘွားရိပ်သာနဲ့ ပင်စင်ကိုမြင်ပါတယ်။ ဒါပေမယ့် နိုင်ငံ့ဝန်ထမ်းမဟုတ်တဲ့ သက်ကြီးရွယ်အိုတွေမှာ ခံစားခွင့်မရှိပါဘူး။ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေမှာ သက်ကြီးရွယ်အိုတွေကို အလေးထားသင့်တဲ့ ဝါရင့်နိုင်ငံသားအဖြစ်သတ်မှတ်ပြီး နိုင်ငံသားတိုင်းကို ပင်စင်ပေးတဲ့အပြင် စားနပ်ရိက္ခာကူပွန်နဲ့ ပို့ဆောင်ရေးယာဉ်တွေစီးနင်းရာမှာ အခမဲ့ သို့မဟုတ် တစ်ဝက်သတ်မှတ်ပေးတာရှိတယ်။ ဒီလိုမျိုးတွေ လုပ်ပေးနိုင်ဖို့ဆိုတာ ကျွန်တော်တို့နိုင်ငံ စီးပွားရေးအနေနဲ့ မဖြစ်နိုင်သေးပါဘူး။ သို့သော် လုပ်သင့်လုပ်ထိုက်တာတွေကို စတင်လုပ်ဆောင်သင့်ပါတယ်။ နိုင်ငံတစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတစ်ခုတည်းနဲ့ မတိုင်းတာပါဘူး။ ၎င်းနိုင်ငံရဲ့ ပညာရေးနှင့် ကျန်းမာရေးအခြေအနေ၊ အမျိုးသမီးနဲ့ ကလေးသူငယ်များအား ကာကွယ်စောင့်ရှောက်ပေးမှု၊ သက်ကြီးရွယ်အိုတွေအပေါ် ထောက်ပံ့မှုတွေကို ထည့်သွင်းစဉ်းစားပါတယ်။ ကမ္ဘာ့အလယ်မှာ ကမ္ဘာ့အဆင့်ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ဖို့ ဒါတွေလုပ်ဆောင်ဖို့လိုအပ်နေပါပြီ။ လုပ်တဲ့အခါမှာလည်း ဝန်ကြီးဌာနတစ်ခုချင်းစီက ဆောင်ရွက်ခြင်းထက် ဥပဒေတစ်ခုပြဋ္ဌာန်းဆောင်ရွက်သင့်ပါတယ်။ ဒုတိယဝန်ကြီးကလည်း ဥပဒေရေးဆွဲနေပြီလို့ ဖြေကြားသွားပါတယ်။ ဒီဥပဒေဟာ အမြန်အကောင်အထည်ဖော်ပြီး လွှတ်တော်ကို ရောက်လာဖို့ လိုအပ်ပါတယ်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး။

ဒါကြောင့် လွှတ်တော်ကို ဥပဒေကြမ်းဘယ်တော့လောက်တင်သွင်းနိုင်မလဲဆိုပြီး ထပ်ဆင့်မေးခွန်းကို မေးမြန်းခဲ့ပါတယ်။ ဒသမအကြိမ်အစည်းအဝေးမှာ တင်သွင်းမယ်လို့ ကတိပြုသွားပါတယ်။ နိုင်ငံသားများနဲ့ နိုင်ငံအတွက် တာဝန်ကျေခဲ့ပြီးဖြစ်တဲ့ ဝါရင့်နိုင်ငံသားများအတွက် နိုင်ငံတော်ကလည်း ပြန်ပြီးတာဝန်သိပေးဖို့လိုပါတယ်။ ဒီလိုတာဝန်သိလို့လာမယ့် ဒသမအကြိမ် လွှတ်တော်အစည်းအဝေးမှာ တင်သွင်းမယ်ဆိုတဲ့အတွက် ဝမ်းသာပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးတွင် မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၅)ခု ဆွေးနွေးခြင်း တို့ကို ဆောင်ရွက်ခဲ့ကြပြီး မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင် နေပြည်တော်အားကစားရွာရှိ ညှော်ခံကျွေးမွေးရေးနှင့်တည်းခိုနေထိုင်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၁**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ...



# အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပနိုင်ရေးအတွက် စေတနာရှင် အလှူရှင်အသီးသီးက လှူဒါန်းခဲ့မှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ... ရှိ ဖိနပ်အရန် ၁၀၀ လှူဒါန်းသော မန္တလေးရွှေနဂါး ဖိနပ်၊ ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ Stand Air Con ငါးလုံးကို လှူဒါန်းသော Gold Power Co.,Ltd.၊ ဆိုင်းဘုတ်ကိုင် အမျိုးသမီးများ ဝတ်ဆင်ရန်အတွက် မြန်မာအမျိုးသမီးဝတ်စုံများ လှူဒါန်း ... ဒီဇိုင်နာ IRIS၊ ငွေကျပ် ၁၁ သိန်းတန်ဖိုးရှိ ဝတ်စုံ သုံးစုံစီ လှူဒါန်းသော ဒီဇိုင်နာ မေသဥ္ဇာသိမ့်၊ ဒီဇိုင်နာ ဝါဝါကျော်၊ ဒီဇိုင်နာ မေမျိုး၊ ဒီဇိုင်နာ မေသက်လွင်၊ ဒီဇိုင်နာ ချောစုလွင်၊ ဒီဇိုင်နာ ကောင်းမြတ်၊ ဒီဇိုင်နာ ဥမ္မာကျော်၊ ဒီဇိုင်နာ ...

... SEA Games CHO CHO PHYU Industry & Manufacture Co.,Ltd. ... Volunteer ...

**(သတင်းစဉ်)**

ကျောဖုံးမှ

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ စွမ်းအင်ကဏ္ဍဆိုင်ရာ ရေနံနှင့် သဘာဝဓာတ်ငွေ့ အခြေခံအဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအပေါ် ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

## နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

**(သတင်းစဉ်)**

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆီးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေး

(နိုဝင်ဘာလ ၁၄ ရက်၊ ၂၀၁၃ ခုနှစ်)

ဆီးချိုသွေးချိုကာကွယ်၍ လူငယ်များကို ပညာပေးစို့

Diabetes : Protect our future

# မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ Delivery Unit များထံသို့ ဆက်သွယ်အကြံပြုနိုင်

သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ပြည်သူတို့၏ အကြံပြုတင်ပြချက်များအပေါ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရှိ အောက်ဖော်ပြပါ Delivery Unit များမှ တိုက်ရိုက်လက်ခံညှိနှိုင်းပေါင်းစပ်ဖြေရှင်းပြန်ကြားသွားမည်ဖြစ်ပါသည်-

| စဉ် | ဆပ်ကော်မတီ | အမည်/ရာထူး | တာဝန် | တယ်လီဖုန်း | Fax | Email/Web |
|---|---|---|---|---|---|---|
| ၁ | မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာဆပ်ကော်မတီ | ဦးခင်မောင်အေး ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ | ၄၀၈၂၈၅ | ၄၀၈၀၄၉ ၄၀၈၂၇၂ | www.mlfrd.gov.mm |
| ၂ | ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ | ဦးတင်ငွေ ဒုတိယဝန်ကြီး | ဥက္ကဋ္ဌ | ၄၀၈၁၅၁ | ၄၀၈၁၅၁ | dyminister.mlfrd@gmail.com |
| ၃ | လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ | ဒေါက်တာအောင်မြတ်ဦး ဒုတိယဝန်ကြီး | ဒုတိယဥက္ကဋ္ဌ(၁) | ၄၀၈၀၅၄ | ၄၀၈၀၄၉ | aungmyatoo.mlfrd@gmail.com |



၂၀၁၃ MNL လူငယ်အမှတ်ပေးချန်ပီယံ ရတနာပုံအသင်း။

# MNL လူငယ်အမှတ်ပေးချန်ပီယံဆု ရတနာပုံဆွတ်ခူး

သတင်းနှင့်ဓာတ်ပုံ - ရှိုင်းထက်ဇော်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၃ MNL လူငယ်အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၁)ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ ရတနာပုံအသင်းက သရေတစ်မှတ်ရယူပြီး ပွဲစဉ်မကုန်ဆုံးမီ ချန်ပီယံဆုဆွတ်ခူးသွားသည်။

**ဗိုလ်စွဲနိုင်ခဲ့**

**(ခင်ချိုင်)**

## ယခုနှစ် အောက်တိုဘာလတွင် ယာဉ်တိုက်မှုနှင့် သိသာစွာလျော့ကျမှုရှိ

**ရန်ကုန် နိုဝင်ဘာ ၁၁**

... ကြီးကြပ်မှုဗဟိုကော်မတီ(မထသ-ဗဟို) ကြီးကြပ်မှုအောက်ရှိ ယာဉ်လိုင်းများတွင် အောက်တိုဘာလအတွင်း ယာဉ်တိုက်မှု၊ တိမ်းမှောက်မှု၊ သေဆုံးဒဏ်ရာရရှိမှု သိသာစွာလျော့ကျမှုမရှိကြောင်း သိရသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ယာဉ်တိုက်မှု ၂၁ မှု၊ တိမ်းမှောက်မှု ခုနစ်မှု၊ သေဆုံးသူ ရှစ်ဦးနှင့် ဒဏ်ရာရရှိသူ ၆၄ ဦးရှိကြောင်း၊ ယခုနှစ်အလားတူ အောက်တိုဘာလတွင် ယာဉ်တိုက်မှု ၁၉ မှု၊ တိမ်းမှောက်မှု ခြောက်မှု၊ သေဆုံးသူ ခြောက်ဦးနှင့် ဒဏ်ရာရရှိသူ ၆၇ ဦးရှိကြောင်း၊ ၂၀၁၃ ခုနှစ် အောက်တို ...

# မြန်မာအမျိုးသမီးဖူဆယ်အသင်းနှင့် ဆီးဂိမ်းရွှေအိပ်မက်

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - ရှိုင်းထက်ဇော်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) အနေဖြင့် ယခု(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ... ဖူဆယ်နည်းပြ ကိုနီရှီကို ဇွန်လကတည်းက ငှားရမ်းလေ့ကျင့်စေခဲ့ ...



# ဒစ်ဂျစ်တယ်အချက်ပြမီးပွိုင့်များ ပြောင်းလဲတပ်ဆင်မည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

... LED မီးအိမ်နှင့် Digital Count Down တပ်ဆင်ထားသည့် ... Digital Count Down ... Digital Count Down ...

"ဒီကို Digital အချက်ပြမီးပွိုင့်တွေ ပြောင်းလဲတပ်ဆင်ပေးသွားရင် ..."

**(ကိုချစ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

စာမျက်နှာ ၇ မှ

... ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ...

**(သတင်းစဉ်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအုပ်အဆင့်(ရာထူး) ရေးဖြေစာမေးပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၁**

**(ကျော်သန်း-မော်လမြိုင်)**

## မိတ္ထီလာမှ

**(တင်လှိုင်-မိတ္ထီလာ)**

## မြစ်ကြီးနားမှ

**(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၂-၁၁-၂၀၁၃ (အင်္ဂါနေ့)**

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၂၅ SEA Games ဇာတ်လမ်းတို "နောက်ဆုံးခြေလှမ်း" (ဟတ်ကက်၊မေကဗျာ) (ဒါရိုက်တာ-ဟတ်ကက်)
၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "အော်ကြီးရဲ့ရိုက်ပေါက်" (ကျော်ရဲအောင်၊နဝရတ်) [ဒါရိုက်တာ-ကျော်ဇောလင်း(အတွေးပုံရိပ်)]
၂း၀၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၄း၄၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၆း၂၀ "ဆီးဂိမ်းပြိုင်ပွဲတွင်ထည့်သွင်းကျင်းပမည့် စက်ဘီးကွင်းများ"
၆း၃၅ "နိုဝင်ဘာလမိုးလေဝသလက္ခဏာများနှင့် သတိပြုရန်အခြေအနေများ"
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၈း၃၅ ကြယ်ပွင့်များရဲ့အထင်ကရတေးများ
၈း၄၅ ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ
၉း၀၀ ပြည်တွင်းသတင်း -"ဆိုလိုက်ကြစို့" -အိန္ဒိယရုပ်ရှင် "ဝန်းကျင်ဆိုးက ကြေကွဲဇာတ်" (အပိုင်း-၂)(ဇာတ်သိမ်း)

# ပညာရေးဝန်ကြီးဌာန

## အမျိုးသားပညာရည်ဖွံ့ဖြိုးတိုးတက်မှု နှစ်ရှည်စီမံကိန်း (၂၀၁၁-၁၂ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်)
## (အဆင့်မြင့်ပညာကဏ္ဍ)
## ဦးစားပေးအလိုက် လုပ်ငန်းစဉ် (၁၃)ခု

| စဉ် | လုပ်ငန်းစဉ် |
|---|---|
| ၁ | Quality Assurance စနစ်တည်ထောင်ရန်နှင့် နိုင်ငံတကာတက္ကသိုလ်များ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးချဲ့ရေး လုပ်ငန်းအစီအစဉ် |
| ၂ | တက္ကသိုလ်စီမံခန့်ခွဲရေးဆိုင်ရာ အရာထမ်းများ၊ ဆရာ ဆရာမများနှင့် ဓာတ်ခွဲခန်းကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းအစီအစဉ် |
| ၃ | ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းအစီအစဉ် |
| ၄ | နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေးဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် |
| ၅ | အင်္ဂလိပ်စာသင်ကြားမှုမြှင့်တင်ရေး လုပ်ငန်းအစီအစဉ် |
| ၆ | နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၊ ဥပဒေဘာသာရပ်၊ စီးပွားရေးဘာသာရပ် သင်ကြားရေးမြှင့်တင်ရေး လုပ်ငန်းအစီအစဉ် |
| ၇ | ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် သင်ကြားရေးမဟာဌာန (Faculty)များ ဖွဲ့စည်းရေးလုပ်ငန်းအစီအစဉ် |
| ၈ | နိုင်ငံတော်၏ စီးပွားရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်အထောက်အကူပြုရန်နှင့် လိုအပ်သော အလယ်အလတ်ကျွမ်းကျင်ပညာရှင်များ၊ လုပ်သားများကို တက္ကသိုလ်များမှ အချိန်တိုအတွင်း မွေးထုတ်ပေးနိုင်ရန်အတွက် စက်မှု၊ သက်မွေး ပညာရပ်လေ့ကျင့်သင်ကြားရေး (Technical Vocational Education Training: TVET) သင်တန်းများကို အခြားဝန်ကြီးဌာနများ၊ ပြင်ပလုပ်ငန်းရှင်များနှင့် တက္ကသိုလ်များ ပူးပေါင်း၍ လူ့စွမ်းအားအရင်း အမြစ်ဖွံ့ဖြိုးမှုအစီအစဉ် (Human Resource Development Programme:HRD) ဖြင့် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေးလုပ်ငန်းအစီအစဉ် |
| ၉ | တက္ကသိုလ်ပညာရပ်ဝန်းကျင်ကောင်း ဖန်တီးရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် |
| ၁၀ | နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်နိုင်သော ကွန်ရက်များ မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ် |
| ၁၁ | တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးစနစ် ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းအစီအစဉ် |
| ၁၂ | ပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေများ ထုတ်ပြန်ပြဋ္ဌာန်းဆောင်ရွက်ရေးအစီအစဉ် |
| ၁၃ | ပြည်တွင်းပညာသင်ဆုများချီးမြှင့်၍ ဘာသာရပ်အလိုက် ထူးချွန်သောပညာရှင်များမွေးထုတ်မည့် လုပ်ငန်းအစီအစဉ် |

# ၇-၁၀-၂၀၁၃ရက်နေ့တွင် ကျင်းပခဲ့သော လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲမှ ချမှတ်ခဲ့သော ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၁၉)ရပ်

(၁) ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန်

(၂) ပညာရှင်များ၏အကြံဉာဏ်များကို စုစည်းပြီး ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် ရေရှည်အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များကို ရေးဆွဲဆောင်ရွက်ရန်

(၃) ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဦးစားပေးအဆင့် ရွေးချယ်သတ်မှတ်၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်း ဆောင်ရွက်ရန်

(၄) ဝန်ထမ်းများကိုမှန်မှန်ကန်ကန်သုံးသပ်အကဲဖြတ်နိုင်ရေးအတွက် ဝန်ထမ်းဆိုင်ရာအချက်အလက်မှတ်တမ်းများကို စနစ်တကျသီးသန့်ထိန်းသိမ်းထားရှိရန်

(၅) ဝန်ထမ်းများအား ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်းပြုလုပ်ရာတွင် ဝန်ထမ်းများ၏အရည်အသွေး၊ ကြိုးစားအားထုတ်မှုနှင့် ဆောင်ရွက်မှုရလဒ်ကိုအခြေခံ၍ စိစစ်ဆောင်ရွက်သည့်စနစ် ပိုမိုပီပြင်စေရေးဆောင်ရွက်ရန်

(၆) အဂတိလိုက်စားမှုပပျောက်ရေးအတွက် ပိုမိုထိရောက်သောဆုပေးဒဏ်ပေးစနစ်ကို ထင်သာမြင်သာရှိအောင် ဆက်လက်ဆောင်ရွက်ရန်

(၇) ကျောင်းသားများ၏အသက်အရွယ်နှင့်ကိုက်ညီသော သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာနှင့် ကျောင်းသုံးဖတ်စာအုပ်များကို ပြန်လည်စိစစ်ပြီးပြဋ္ဌာန်းပေးရန်

(၈) ဆောင်ရွက်ရမည့်လုပ်ငန်းအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့ရန်၊ ၎င်းအဖွဲ့များကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍမှ ပုဂ္ဂိုလ်များပြည့်စုံစွာပါဝင်သော အထူးတာဝန်ပေးအဖွဲ့ဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်ရန်

(၉) ပညာရေးကဏ္ဍ၊ ပညာရေးလုပ်ငန်းများတွင်ပါဝင်ဆက်စပ်ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာန/အဖွဲ့အစည်းများအချင်းချင်း အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ခြင်းများပြုလုပ်ရန်

(၁၀) သက်ဆိုင်ရာဒေသအတွင်းရှိ တက္ကသိုလ်ပညာသင်လိုသူများ၏လိုအပ်ချက်ကို အခြေခံ၍ တက္ကသိုလ်များတည်ရှိမှုနှင့်ပို့ချလျက်ရှိသော သင်ကြားရေးဘာသာရပ်အမျိုးအစားများကို ပြန်လည်ဆန်းစစ်ပြုပြင်ရန်

(၁၁) နိုင်ငံတကာတက္ကသိုလ်များနှင့် နားလည်မှုသဘောတူစာချွန်လွှာ၊ သဘောတူညီမှုသဘောတူစာချွန်လွှာများရေးထိုးခြင်းကိစ္စ၊ နိုင်ငံတကာတက္ကသိုလ်နှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်းများမှ ဧည့်သည်များ လက်ခံတွေ့ဆုံခြင်းကိစ္စအပါအဝင် လုပ်ငန်းလျင်မြန်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရအဖွဲ့ဆပ်ကော်မတီ (Delivery Unit) သို့ ဆက်သွယ်ဆောင်ရွက်ရန်

(၁၂) ပညာရေးဥပဒေရေးဆွဲရာတွင် သင်ကြားမှုစနစ်၊ အဆင့်၊ အမျိုးအစားအလိုက် ခွဲခြားရေးသားရန်

(၁၃) ဝန်ကြီးဌာနအသီးသီးရှိ ကျောင်းများ၏ညနေကျောင်းအားချိန်များတွင် ဒေသနှင့်လိုက်လျောညီထွေသော အချိန်ပိုင်းသက်မွေးပညာသင်တန်း/လိုအပ်သည့် အသိပညာသင်တန်းများကို ပြည်တွင်းပြည်ပဌာန၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်း၍ဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်

(၁၄) တက္ကသိုလ်များအနေဖြင့် နိုင်ငံတော်၏ဘဏ္ဍာငွေတစ်ခုတည်းအပေါ်တွင် မှီခိုနေမည့်အစား လွတ်လပ်စွာ ရန်ပုံငွေရှာ သုံးစွဲတာဝန်ခံဆောင်ရွက်ခွင့်ရှိသော အခြေအနေကိုဖြစ်နိုင်ခြေရှိသော တက္ကသိုလ်များ၌ စည်းမျဉ်းစည်းကမ်းဥပဒေနှင့်အညီဆောင်ရွက်ရန်

(၁၅) ကျောင်းသားကျောင်းသူများ၏ စဉ်းစားတွေးခေါ်မှုနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ကိုဖွံ့ဖြိုးစေသော သင်ကြား၊ သင်ယူမှုနှင့် စစ်ဆေးအကဲဖြတ်မှုစနစ်ကို တိုးမြှင့်ကျင့်သုံးရန်

(၁၆) ပညာရေးဝန်ထမ်းများ လူမှုဘဝမြှင့်တင်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီးများရှိ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်

(၁၇) လက်ရှိကျင့်သုံးနေသော စာမေးပွဲစစ်ဆေးမှုစနစ်ကို ပြုပြင်ပြောင်းလဲရန်အတွက်ဆန်းစစ်ရန်

(၁၈) အရည်အသွေးအာမခံချက်ရှိသော ပညာရေးစနစ်ကို ဖော်ဆောင်ရန်

(၁၉) အမျိုးသားအဆင့် အရည်အသွေးသတ်မှတ်ရေးမူဘောင် (National Qualification Framework- NQF) ကို ပီပီပြင်ပြင်ဖော်ဆောင်ရန်၊




SONY, LG, T-Home Service Centre များ၌
Customers များအား

TMW Enterprise Ltd. ... Service Centre ...
SONY, LG, T-Home ... Customer ...

(Ph : 01-546006 Ext : 119/120) ရှိ SONY, T-Home Service Center
(Ph : 01-8603388, 544664 (Ext : 114/115) ) ရှိ LG, T-Home Service Center နှင့်
TMW Tower ... (Ph : 02-72581~4) ရှိ Service Center ... customer ...

# ကလေးမြို့လမ်းဆုံ၌ ဆိုလာမီးပွိုင့်တပ်ဆင်ပြီးစီး၍ ပြည်သူများအတွက်အဆင်ပြေ

**ကလေး နိုဝင်ဘာ ၁၁**

ကလေးမြို့ ဗိုလ်ချုပ်လမ်းမ၊ ကလေးဝလမ်းမ၊ နတ်ချောင်းလမ်းမနှင့် မြို့မဈေးလမ်းများဆုံရာ ကလေးမြို့လမ်းဆုံ၌ အောက်တိုဘာ ၂၅ ရက်က အဆင့်မြင့်ဆိုလာမီးပွိုင့် တပ်ဆင်မှုပြီးစီးပြီဖြစ်၍ ကလေးမြို့သည် မြို့အင်္ဂါရပ်နှင့် ပြည့်စုံလာပြီဖြစ်သည့်အပြင် လမ်းဆုံကိုဖြတ်သန်းသွားလာသည့် ပြည်သူများအတွက်လည်း သွားလာရေးအဆင်ပြေလျက်ရှိသည်။



သို့ရာတွင် မီးပွိုင့်ဖြတ်ကူးရန် စည်းမျဉ်းစည်းကမ်းများအတိုင်း ဖြတ်ကူးသွားလာကြသူများ ရှိသကဲ့သို့ မသိနားမလည်ဘဲ မီးနီစဉ်တွင် ဖြတ်ကူးသွားလာသည့် ပြည်သူများနှင့်သိလျက်နှင့် စည်းကမ်းမဲ့ဖြတ်ကူးသွားလာကြသူများလည်း ရှိနေသေးကြောင်း တွေ့ရသည်။**(အပေါ်ယာပုံ)**

ယင်းသို့ မီးပွိုင့်ဖြတ်ကူးရန် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို မသိနားမလည်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ အသေးစိတ်မေးမြန်းရန် လိုအပ်ပြီး စည်းကမ်းမဲ့ဖြတ်ကူးသူများကလည်း မီးပွိုင့်ဖြတ်ကူးရန် သတ်မှတ်ထားသည့် စည်းကမ်းအတိုင်း ဖြတ်ကူးသွားလာသင့်ပါသည်။

သို့ဖြစ်၍ လမ်းဆုံမီးပွိုင့်တပ်ဆင်အသုံးပြုပြီး တစ်လကျော်သည့်အချိန်မှစ၍ သတ်မှတ်ထားသည့်အတိုင်း မီးပွိုင့်စည်းကမ်းကို မလိုက်နာဘဲ လမ်းဆုံမီးပွိုင့်ကို စည်းကမ်းမဲ့ဖြတ်ကူးသွားလာသူများအား ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**(ဂျိုးနက်)**

❖ အာဆီယံနိုင်ငံများဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် တစ်ယူနစ် ၂၇၂ ဒသမ ၄၄ ကျပ်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် တစ်ယူနစ် ၂၃၅ ဒသမ ၂ ကျပ်နှုန်း၊ စင်ကာပူနိုင်ငံတွင် တစ်ယူနစ် ၁၆၉ ကျပ်နှုန်း ကောက်ခံလျက်ရှိ။

❖ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆောင်ရွက်နေသည့်အတိုင်း အခြေခံလူတန်းစားများအတွက် သက်သာချောင်ချိမှုရရှိစေနိုင်သော အလွှာလိုက်ဓာတ်အားခကောက်ခံမှုစနစ် ဆောင်ရွက်ခြင်းဖြစ်။

❖ ယခုကဲ့သို့ လျှပ်စစ်ဓာတ်အား များများသုံးစွဲသူထံမှ ပိုမိုကောက်ခံရရှိသောဝင်ငွေဖြင့် ယနေ့အချိန်တွင် ဒေသမီးလင်းရေးအစီအစဉ်အရ တစ်ယူနစ်ငွေကျပ် ၄၀၀ ကျော် ပေးချေသုံးစွဲနေရသည့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့များကို နိုင်ငံတော်မဟာဓာတ်အားလိုင်းမှ တစ်ဆင့်လျှပ်စစ်မီးပေးနိုင်ရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်။

**မြန်မာ့မီးရထား သာစည်-မြင်းခြံ လမ်းပိုင်း၊ ရေချို-မလှိုင်ကြား မိုင်တိုင် အမှတ် ၃၅၅၊ ၃၆၆၊ ၃၇၇ ကြားကို မန္တလေးတိုင်း ဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်မှ အငယ်တန်း အင်ဂျင်နီယာများနှင့် လုပ်သားများက လမ်းအဆင့် မြှင့်တင်လျက်ရှိရာ လိုအပ်သည့် ဇလီဖားတုံး၊ ရထားသံလမ်းများနှင့် ကျောက်အသေးများ တင်ဆောင်လာသည့် ရထားကို နိုဝင်ဘာ ၆ ရက်က မလှိုင်ဘူတာတွင် တွေ့ရစဉ်။**

မြထွန်း(မလှိုင်)



# ဝါများလှိုင်လှိုင်ပေါ်၍ ဈေးကောင်းရောင်းရ

**တောင်တွင်းကြီး နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများတွင် နိုဝင်ဘာလ ပထမပတ်မှစ၍ ဝါများလှိုင်လှိုင်ပေါ်ပြီဖြစ်၍ ဒေသခံတောင်သူများမှာ ဝါဂွမ်းများကို အချိန်မီအမိုးအကာအောက်ရောက်ရှိရေး၊ ဈေးကောင်းရရှိရေးအတွက် ခူးဆွတ်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ်က ဝါဂွမ်းတစ်ပိဿာကို ငွေကျပ် ၁၀၀၀ သာ ရောင်းချခဲ့ရသော်လည်း ယခုနှစ်ဝါဂွမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ မှ ၁၅၀၀ အထိရောင်းချရသဖြင့် ဒေသခံဝါစိုက်တောင်သူများ ဝမ်းသာပီတိဖြစ်ကြကြောင်း ဝါးခြမ်းကာကျေးရွာမှ ဝါစိုက်တောင်သူတစ်ဦး၏ပြောပြချက်အရ သိရသည်။

**(၅၈၀)**














# မြို့နယ်တရားသူကြီးများ မွမ်းမံသင်တန်း အမှတ်စဉ် (၉) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် မြို့နယ်အဆင့် တရားသူကြီးများ မွမ်းမံသင်တန်းအမှတ်စဉ်(၉)သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး လေ့ကျင့်ဌာနဌ်ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ်ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တရားရုံးအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်နေကြသည့် တရားရေးအရာရှိများအား တရားစီရင်ရေးရာနှင့်တရားရုံးစီမံခန့်ခွဲရေးရာလုပ်ငန်းများတွင် အရည်အသွေး တိုးတက်မြင့်မားစေရန်နှင့် အမှုများကို ဥပဒေနှင့်အညီမှန်မှန်ကန်ကန်နည်းလမ်းတကျ စစ်ဆေးနိုင်ရန် အရည်အချင်းပြည့်ဝသည့် တရားသူကြီးကောင်းများဖြစ်လာစေရန် ရည်ရွယ်ပြီး နှစ်စဉ်လေ့ကျင့်ရေးစီမံချက်များရေးဆွဲ၍ ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ ဥပဒေအရကန့်သတ်ချက်များမှအပ ပြည်သူရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများတွင် ဥပဒေအရခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေးဟူသည့် တရားစီရင်ရေးမူများအတိုင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တရားရုံးများသည် တရားစီရင်ရာတွင် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ရန် အရေးကြီးကြောင်း၊ ထို့ကြောင့် တရားသူကြီးများ၊ တရားရေးအရာရှိများအနေဖြင့် လုပ်ငန်းကျွမ်းကျင်ရန်၊ အရည်အချင်းပြည့်ဝနေရန်အမြဲကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ကြောင်းနှင့် သင်တန်းကပို့ချလိုက်သော ဘာသာရပ်များကို အလေးထားမှတ်သားကြရန် တိုက်တွန်းပါကြောင်း မှာကြားသည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်မည်ဖြစ်ပါသည်။

**(သတင်းစဉ်)**

# မြန်မာ့မီးရထားကြေးနန်းတိုင်၊ ကြေးနန်းကြိုးပြုပြင်သင့်

**မလှိုင် နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြန်မာ့မီးရထားဌာနပိုင် ကြေးနန်းနှင့်အချက်ပြကြေးနန်းတိုင်များ၊ ကြေးနန်းကြိုးများ ပြုတ်ကျပျက်စီးနေသည်ကိုတွေ့ရသည်။ ရထားလမ်းမိုင်တိုင်အမှတ် (၃၄၁)မှ (၃၄၃) ကြားတွင် နှစ်ပေါင်းကြာ လေဒဏ်၊ မိုးဒဏ်ကြောင့်ပြုတ်ကျပျက်စီးနေသော ကြေးနန်းကြိုးများကြောင့် မလှိုင်မြို့အဝင် ကားလမ်းကူး၊ လှည်းလမ်းကူးများတွင် အများပြည်သူများ၊ ကား၊ ဆိုင်ကယ်၊ စက်တပ်ယာဉ်အမျိုးမျိုး မကြာခဏ ထိခိုက်မှုများဖြစ်ပွားကြောင်း ပြည်သူထံမှ သိရသည်။ အလားတူ မြန်မာ့မီးရထားလမ်းပိုင်းများတွင် ကြေးနန်းတိုင် သုံးစွဲမှုမရှိတော့သည့်အတွက် ပြုတ်ကျပျက်စီးနေသည်ကို ရထားလမ်းပိုင်းများတွင် တွေ့နေရသည်။ မြန်မာ့မီးရထားဝန်ကြီးဌာနမှ ICOM စက်များသုံးစွဲသည့်အတွက် ယင်းကြေးနန်းတိုင်၊ ကြေးနန်းကြိုးများကို သုံးစွဲမှု မပြုတော့ကြောင်း မြန်မာ့မီးရထားဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ သုံးစွဲမှုမပြုလုပ်သော ကြေးနန်းတိုင်၊ ကြေးနန်းကြိုးများအား လေလွင့်မှုမရှိစေရေးနှင့် ဒေသခံပြည်သူများ ထိခိုက်မှုအန္တရာယ်မရှိစေရေးအတွက် ဝိုင်းဝန်းကူညီထိန်းသိမ်းပေးပါရန် ပြည်သူများက ဆန္ဒရှိနေကြောင်း သိရသည်။

**(၆၂၇)**

# Game စွဲလမ်းသူပရိသတ်များအတွက် PS4 ကို နိုဝင်ဘာလတွင်ဖြန့်ချိမည်


TIKILA

ကမ္ဘာတစ်ဝန်းရှိ Game စွဲလမ်းသူလူငယ်များအကြား ရေပန်းစားနာမည်ကြီးလျက်ရှိသော Play Station အကြောင်းကို သူ၏ပရိသတ် Gamer များ အကြား အထူးပင်ပြောစရာမလိုအောင်သိရှိထားကြပြီဖြစ်သည်။ ကမ္ဘာကျော်တံဆိပ် Sony မှ သူ၏နာမည်ကြီး ထုတ်ကုန်တစ်ခုဖြစ်သည့် Play Station စီးရီးများကို နှစ်စဉ်နည်းပညာမြှင့်တင်ကာ ထုတ်လုပ်ရောင်းချလျက်ရှိရာ ယခု ၂၀၁၃ ခုနှစ်အတွက် နည်းပညာစာမျက်နှာများထက်တွင် သတင်းကြီးနေသော Sony Play Station 4 ကို အမှန်တကယ် ထုတ်လုပ်ရောင်းချတော့မည်ဖြစ်သည်ဟုသိရသည်။ လာမည့် နိုဝင်ဘာ ၁၅ ရက်တွင် အမေရိကန်နိုင်ငံနှင့် နိုဝင်ဘာ ၂၉ ရက်တွင် ဥရောပနိုင်ငံများတွင် စတင်ရောင်းချနိုင်ရန် စီစဉ်လျက်ရှိကြောင်း Sony ၏ ပြန်ကြားရေးဌာနမှ မီဒီယာများသို့ ပြောကြားထားသည်။ ဆွဲဆောင်မှုအရှိဆုံး အဆင့်မြင့် Game ဇာတ်လမ်းများ၊ ရုပ်သံကြည်လင်ပြတ်သားမှု ထူးခြားချက်နှင့် အရည်အသွေးမြင့် ထိန်းချုပ်ကစားနိုင်မှုတို့ကြောင့် Game လောကတွင် နာမည်ရနေသော Play Station ၏ မျိုးဆက်သစ် PS4 ကို စောင့်မျှော်နေလျက်ရှိသော Gamer များအတွက် အဆင့်မြင့်နည်းပညာများထပ်မံပါဝင်လာဖွယ်ရှိသည်ဟု ပရိသတ်အချို့က ပြောကြားသည်။ အဆိုပါ PS4 ဂိမ်းစက်တွင် အတွင်းပိုင်းရုပ်သံအရည်အသွေးပိုင်းဆိုင်ရာအတွက် Single-Chipx86-64 နှင့် AMD Jaguar 8-core Processor ပါဝင်ပြီး မှတ်ဉာဏ်စနစ်အတွက် 8GB GDDR5 RAM ပါဝင်မည်ဟုသိရသည်။ ၎င်းမျိုးဆက်သစ်အဆင့်မြင့်နည်းပညာစနစ်များ ပါဝင်လာမှုကြောင့် Game ရုပ်ထွက်ပိုင်းဆိုင်ရာမှာ အပြင်ဘက်လက်တွေ့ကမ္ဘာအတိုင်း HD- High Definition အဖြစ် မြင်တွေ့နိုင်မည်ဟု ကျွမ်းကျင်သူ Gamer များက မီဒီယာများသို့ ပြောကြားသည်။ ဂိမ်းစက်အတွင်းပိုင်းတွင် Game ဇာတ်လမ်းတွဲများနှင့် ဆော့ကစားထားမှုများမှတ်တမ်းတင်နိုင်ရန်အတွက် 500GB အထိ မှတ်သားထားနိုင်သော စနစ်ပါဝင်မည်ဖြစ်ပြီး မိမိကြိုက်နှစ်သက်ရာ Game ကစားပွဲများကို အချိန်မရွေး ရောက်ရှိသည့်နေရာမှ ပြန်လည်ဆော့ကစားနိုင်မည်ဟု သိရသည်။ ထိန်းချုပ်ကစားမည့် လက်ကိုင်ခလုတ်အတွက် ကြိုးမဲ့စနစ်ထည့်သွင်းပေးထားပြီး ယခင်လက်ကိုင်ခလုတ်များနှင့်မတူဘဲ နူးညံ့ညင်သာသောအထိအတွေ့နှင့် စိတ်ခံစားမှုအာရုံခံစနစ်များ ပါဝင်လာနိုင်ဖွယ်ရှိကြောင်း Sony ၏ စာမျက်နှာများထက်တွင် တွေ့မြင်ရသည်။ ဈေးနှုန်းသတ်မှတ်ချက်အားဖြင့် အမေရိကန်တွင် ၃၉၉ ဒေါ်လာနှင့် ဥရောပနိုင်ငံများတွင် ၃၄၉ ယူရိုခန့်ရှိနိုင်သည်ဟု သိရသည်။











## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်း များဆောင်ရွက်ရန် လိုအပ်သည့်ပစ္စည်းများကို(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| ၁။ | ၆"-၉"(တောင်ကျောက်) | ၅၅၄ ကျင်း |
| ၂။ | ၆"-၉"(နှမ်းကျောက်) | ၁၈၉၅၀ ကျင်း |
| ၃။ | ¾"Chipping | ၁၁၃၄ ကျင်း |
| ၄။ | 3/8"-½"Chipping | ၂၈၅ ကျင်း |
| ၅။ | ဘိလပ်မြေ | ၁၂၆၁ အိတ် |
| ၆။ | မြစ်ကျောက်စရစ် | ၁၁ ကျင်း |
| ၇။ | ပန်းရံသဲ | ၄၈ ကျင်း |
| ၈။ | မြစ်သဲ | ၃၁၀ ကျင်း |
| ၉။ | ဂဝံ | ၂၀၈၅ ကျင်း |

တင်ဒါလျှောက်လွှာပိတ်ရက် - ၂၂-၁၁-၂၀၁၃ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - ညနေ(၂း၀၀)နာရီ

(၂) တင်ဒါလျှောက်လွှာပုံစံများကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြောင်းမြခရိုင်ရုံးတွင် ၈-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၄၂-၇၀၁၅၃**

## မှူးယစ်ကင်းစင် အောင်ပွဲဆင်

## သွားတုလုပ်ငန်း ကျွမ်းကျင်မှု ဒီပလိုမာသင်တန်း လျှောက်လွှာခေါ်ယူခြင်း

ဆေးသိပ္ပံပညာဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်သွားတုလုပ်ငန်း ကျွမ်းကျင်မှုဒီပလိုမာသင်တန်းဌာနတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဖွင့်လှစ်ပို့ချမည့် သွားတုလုပ်ငန်း ကျွမ်းကျင်မှုဒီပလိုမာသင်တန်းသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

၁။ လိုအပ်သောအရည်အချင်း
- (က) ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိသူ ဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်ရက်ဖြစ်သည့် ၂၉-၁၁-၂၀၁၃ ရက်တွင် အသက်(၃၅) နှစ်ထက်မကြီးစေရ။
- (ဃ) အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာအကြီးအကဲမှတစ်ဆင့် လျှောက်ထားရမည်။
- (င) သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူ ဖြစ်ရမည်။
- (စ) သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သတ်မှတ်သင်တန်းကြေးများ ပေးသွင်းရမည်။
- (ဆ) သင်တန်းအောင်မြင်ပြီးနောက်၊ အစိုးရဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက မည်သည့်ဒေသတွင်မဆို (၃)နှစ်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များပြည့်စုံစွာ ဖော်ပြရမည်။
- (က) အမည်၊ အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)
- (ဂ) မိဘအမည်နှင့်အမျိုးသားမှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ဃ) ပညာအရည်အချင်း
- (င) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်
- (စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာန

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။
- (က) ဘွဲ့လက်မှတ်မိတ္တူ
- (ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
- (ဂ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်းကိုယ်တိုင်ဝန်ခံချက်
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲစခန်း၏ထောက်ခံချက်
- (င) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံ (ကျောဘက်တွင်အမည်နှင့် မှတ်ပုံတင်အမှတ် ဖော်ပြရန်)
- (စ) ဌာနဆိုင်ရာဝန်ထမ်းများအတွက် သက်ဆိုင်ရာအကြီးအကဲမှ သင်တန်းတက်ရောက်ခွင့်ရရှိပါက လက်ရှိရာထူးမှ နုတ်ထွက်ခွင့်ပြုနိုင်မည်ဖြစ်ကြောင်း ထောက်ခံစာမူရင်း

၄။ လျှောက်လွှာများကို ဆေးသိပ္ပံပညာဦးစီးဌာန၊ ဘွဲ့ကြိုဌာနစိတ်သို့ ၂၉-၁၁-၂၀၁၃ ရက်ထက် နောက်မကျစေဘဲ ပေးပို့ရမည်။ မပြည့်စုံသည့် လျှောက်လွှာများနှင့် နောက်ကျမှ ရောက်ရှိလာသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲဖြေဆိုခွင့် ရရှိသူများ၏ ခုံအမှတ်စာရင်းကို ဆေးသိပ္ပံပညာဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်တို့၌ ၁၀-၁၂-၂၀၁၃ ရက်တွင် ကြေညာထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၎င်းနေ့မှစ၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်တွင် ထုတ်ယူနိုင်သည်။

၆။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးသွားမည်။

| | | |
|---|---|---|
| နေ့ရက် | - | ၁၁-၁၂-၂၀၁၃ ရက် |
| အချိန် | - | ၉ နာရီမှ ၁၂ နာရီထိ |
| ဘာသာရပ် | - | မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတ ၃ နာရီ မေးခွန်းလွှာတစ်စုံ |
| ကျင်းပမည့်နေရာ | - | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် |

၇။ အသေးစိတ်သိရှိလိုပါက ဆေးသိပ္ပံပညာဦးစီးဌာန၊ ဘွဲ့ကြိုဌာနစိတ်၊ တယ်လီဖုန်း-၀၆၇-၄၁၁၂၃၉၊ ၀၆၇-၄၁၁၁၄၈၊ ၄၁၁၁၄၉၊ လိုင်းခွဲ(၈၂၁)သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ တည်နေရာ-တ/၇ ဈ/ဦးပိုင်(၁၅)၊ မြို့သစ်(၁)ရပ်ကွက်ရှိ နှစ်ထပ်အာစီအဆောက်အအုံပါ မြေကွက်နှင့်ပတ်သက်သော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဂရန်ပျောက်မိတ္တူ လျှောက်ထားသွားမည် ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောသက်သေအထောက်အထားများနှင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးပြည့်စုံ[၇/ပတတ(နိုင်)၀၄၃၉၅၀]**
**ဖုန်း-၀၁-၅၂၃၄၈၂**

## ကန့်ကွက်နိုင်ပါသည်

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အပြီးအပိုင် ရောင်းချခဲ့သော ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ အမှတ်(၃၀၁)၊ တိုက်(၁)အကျယ်အဝန်း ပေ(၁၅×၅၀)ရှိ တတိယထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုထားသော ဖုန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက် ပိုင်ဆိုင်သူထံမှ စာချုပ်အဆက်ဆက်ဖြင့်ဝယ်ယူခဲ့ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအိုက်ခွန်း[၁၃/ဟပတ(နိုင်)၀၀၉၇၂၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

| | |
|---|---|
| ဦးထင်ကျော် | ဒေါ်သက်လေးချို |
| **BSc.H.G.P.,R.L** | **LL.B.,D.B.L** |
| တရားလွှတ်တော်ရှေ့နေ(၅၃၁၅) | အထက်တန်းရှေ့နေ(၃၁၄၂၄) |

အမှတ်(၁၃၈)၊ ပထပ်၊ (၃၂)လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၃၅၆၈၊ ၀၉-၅၁၈၆၀၂၁၊ ၀၉-၄၃၁၁၂၆၃၇

# အမှတ်(၃)အခြေခံပညာကျောင်းပေါင်းစုံ ဖိတ်ခေါ်ဖလား ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)အခြေခံပညာကျောင်းပေါင်းစုံဖိတ်ခေါ်ဖလား ခရစ်ကက်ပြိုင်ပွဲ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အထက(၁) လမ်းမတော်ခရစ်ကက်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ခရစ်ကက်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**အနိုင်ရဗိုလ်စွဲ**

အမျိုးသားပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် အထက(၂)သာကေတအသင်းနှင့် အထက(၂)ဒဂုံ(မြို့မကျောင်း)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အထက(၂) သာကေတအသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

အမျိုးသားပြိုင်ပွဲတွင် ဘက်စုံ (All Rounder) ဆုကို အထက(၂) သာကေတအသင်းမှ ကိုကိုလင်းသူကလည်းကောင်း၊ အကောင်းဆုံးဘောလုံးရိုက်ချက်ဆု (Best batsman)ကို အထက(၂)ဒဂုံအသင်းမှ သက်ပိုင်စိုးကလည်းကောင်း၊ အကောင်းဆုံးဘောလုံးအပစ်သမား (Best bowler) ဆုကို အထက(၂) ဒဂုံအသင်းမှ ဖြိုးကျော်ကျော်ကလည်းကောင်းအသီးသီးဆွတ်ခူးသွားသည်။

အမျိုးသမီးပြိုင်ပွဲ၏ ဗိုလ်လုပွဲတွင် အထက(၂) သာကေတအသင်းနှင့် အထက(၃)ကြည့်မြင်တိုင်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ အထက(၂)သာကေတအသင်းက အနိုင်ရဗိုလ်စွဲသွားကြသည်။

**ဆွတ်ခူး**

အမျိုးသမီးပြိုင်ပွဲ၏ ဘက်စုံဆု (All Rounder)ကို အထက(၂) သာကေတအသင်းမှ ပန်းအိမွန်ကလည်ကောင်း၊ အကောင်းဆုံးဘောလုံးရိုက်ချက်ဆု (Best batsman)ကို အထက(၂)သာကေတအသင်းမှ ဝင်းဝင်းခိုင်ကလည်းကောင်း၊ အကောင်းဆုံးဘောလုံးပစ်ဆု (Best bowler)ကို အထက(၂)သာကေတအသင်းမှ ခင်ထက်ထက်ခိုင်ကလည်းကောင်း၊ အတိုးတက်ဆုံးအားကစားသမားဆု (Immerese)ကို အထက(၃) ကြည့်မြင်တိုင်အသင်းမှ နှင်းစန္ဒီသန့်က လည်းကောင်း အသီးသီးဆွတ်ခူးသွားကြသည်။

ထို့နောက် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်းက အမျိုးသား ပြိုင်ပွဲတွင် ဘက်စုံ(All Rounder) ဆုရရှိသော အထက(၂) သကေတအသင်းမှ ကိုကိုလင်းသူအား ဆုချီးမြှင့်ပေးအပ်လိုက်ကြောင်းသိရသည်။

**(ကြေးမုံ)**



**အမျိုးသားပြိုင်ပွဲ၏ ဘက်စုံ(All Rounder) ဆုရရှိသော ကိုကိုလင်းသူ (အထက-၂ သာကေတ အသင်း)အား မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းဝင်း ဆုချီးမြှင့်စဉ်။**



# အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် နိုဝင်ဘာ ၁၁**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ နိုဝင်ဘာ ၇ ရက် မွန်းတည့် ၁၂ နာရီတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးကျော်တင့်နှင့် ဇနီး ဒေါ်ရီရီမြင့်၊ ဝန်ထမ်းမိသားစုများ အငြိမ်းစားဝန်ထမ်းများ၊ စုံလင်စွာ တက်ရောက်ကြသည်။

ဝန်ထမ်းများအား ဝတ်စုံတစ်စုံ ပေးအပ်၍ ပစ္စည်းများအား မဲစနစ်ဖြင့် မဲဖောက်ပေးခဲ့သည်။ **(ဝဲပုံ)**

**(မြင့်ဦး-အင်းစိန်)**

# ကွမ်းခြံကုန်း၌ ပညာရည်မြင့်မားရေး ဆိုလာပြားနှင့် မီးအားမြှင့်စက်လှူဒါန်း

**ကွမ်းခြံကုန်း နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်လန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအဆင့်မှ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပြီးနောက် ရွှေပါရမီစာသင်ကျောင်းဆောင်များ အလှူရှင် သုခမ္မသီဂီဒေါ်မြရွှေသည် တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများ အောင်ချက်မြင့်မားရေးကို ဦးတည်လျက် ကျပ် ငါးသိန်းတန်ဆိုလာပြား၊ ဘက်ထရီအိုးနှင့် အင်ဗာတာ မီးအားမြှင့်စက်တို့ကို စက်တင်ဘာ ၂၂ ရက်တွင် မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် အထက်တန်းကျောင်းဖွင့်ပွဲတွင်လည်း ကျောင်းသား၊ ကျောင်းသူများ ညစာကျက်ဝိုင်းနှင့် သောက်ရေ၊ သုံးရေ အဆင်ပြေစေရန် ကျပ် ၁၂ သိန်းတန် မီးစက်နှင့် ရေတွန်းစက်တို့ကို လှူဒါန်းခဲ့ကြောင်းသိရသည်။ **(သန်းဝင်း-ကွမ်းခြံကုန်း)**

## အစိုးရ/စီးပွားရေးကြော်ငြာ


### လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### ဆည်မြောင်းဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ လုပ်ငန်းခွင်အရောက် ဘိလပ်မြေများကို အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်းအောက်ရှိ (သရက်၊ ကြံခင်း၊ ကျောက်ဆည်)စက်ရုံများမှ သယ်ယူပို့ဆောင်ရာတွင် လမ်းကြောင်းအလိုက် ပုတ်ပြတ်နှုန်းထားများပေးပို့ရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရုံးအမှတ်(၄၃)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၁၇**






### ကားရောင်းမည်

အရန်သင့်ပြေးဆွဲနိုင်သည့် (၄၅)ယောက်စီး ဟွန်ဒိုင်းကိုရီးယားကြောင်(၃)စီး ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။

(ပွဲစားလုံးဝမလိုပါ)

- ၁ စီးချင်းယူပါက ၂၈၀ သိန်း၊ ၂၇၅ သိန်း၊ ၂၇၀ သိန်း
- ၃ စီးအတွဲလိုက်ယူပါက တစ်စီးလျှင် ၂၇၀ သိန်းနှင့်ရမည်။

**ဆက်သွယ်ရန်**

**ဖုန်း-၀၉-၄၂၀၀၀၆၅၀၇၊ ၀၉-၇၃၁၅၄၆၈၈**



### စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၁၂/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-095(2013-2014) | Skid Mounted Water Transfer Pump With Motor Driven | (2) Units | US$ |
| (၂) | IFB-096(2013-2014) | 2900 Series Well Head Equipment &Accessories | (4) Sets | US$ |
| (၃) | IFB-097(2013-2014) | 1500 Series Well Head Equipment & Accessories | (6) Sets | US$ |
| (၄) | IFB-098(2013-2014) | 900 Series Well Head Equipment & Accessories | (12)Sets | US$ |
| (၅) | IFB-099(2013-2014) | 228D-246-86 Type Pumping Unit | (1)Set | US$ |
| (၆) | IFB-100(2013-2014) | 160D-173-74 Type Pumping Units | (5)Sets | US$ |
| (၇) | IFB-101(2013-2014) | 114D-119-48 Type Pumping Units | (6)Sets | US$ |
| (၈) | IFB-102(2013-2014) | 80D-133-54 Type Pumping Units | (5)Sets | US$ |
| (၉) | IFB-103(2013-2014) | 40D-76-48 Type Pumping Units | (8)Sets | US$ |
| (၁၀) | IFB-104(2013-2014) | 2 7/8" & 2 3/8" EUE Tubing | (2)Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၁-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



### ပျောက်ဆုံးကြောင်း

ဦးရန်နိုင်ဘို[၁၂/မဘန(နိုင်)၀၂၄၇၉၆] အမည်ပေါက် ယာဉ်အမှတ် 5F-1869 ၏ စာရွက်စာတမ်းမူရင်းများဖြစ်သော သွင်းကုန်ပါမစ် Scp 13-14-5219(10/07/13) နှင့် Custom ID. Statement 3rd B/C တို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

**ရန်နိုင်ဘို ဖုန်း-၇၃၁၆၂၁၉၁**




# ယောမြို့ကပြန်ခဲ့တယ်

ယခုပွင့်လင်းခေတ်၌ အုပ်ချုပ်ရေးနယ်ပယ်၊ အသိပညာရှင်၊ အတတ်ပညာရှင်နယ်ပယ်၊ ပညာရေးနယ်ပယ်၊ အနုပညာနယ်ပယ်စသည့်နယ်ပယ်အသီးသီးမှ တာဝန်ရှိသူများသည် ပြင်ပကမ္ဘာသို့ ပိုမိုသွားရောက်ထိတွေ့ဆက်ဆံခွင့်များရရှိလျက်ရှိရာ မိမိဒေသမိမိပတ်ဝန်းကျင်အတွက် အကျိုးရှိရာအကျိုးရှိကြောင်းများကို ပိုမိုအသုံးချနိုင်တော့မည်ဖြစ်သည်။

ခရီးသွားခြင်းက ဒေသန္တရဗဟုသုတ၊ ဒေသခံတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ဒေသခံတို့၏ လူမှုစီးပွားဘဝတို့အပါအဝင် ဗဟုသုတအဖြာဖြာကိုရရှိစေ၏။ လူမှုပေါင်းသင်းဆက်ဆံမှုနယ်ပယ်ကို ပိုမိုကျယ်ပြန့်စေ၏။ သင်ခန်းစာယူဖွယ်ရာ၊ အတုယူဖွယ်ရာများကိုလည်းဆင်ခြင်သုံးသပ်နိုင်စေ၏။

သို့သော် ခရီးသွားပြီးဒေသန္တရဗဟုသုတအဖြာဖြာကို လေ့လာမှုမရှိပါက လက်တွေ့နယ်ပယ်၌ ပြန်လည်အသုံးမချပါက ခရီးသွားရခြင်းအကျိုးစီးပွားကို အပြည့်အဝရရှိနိုင်မည်မဟုတ်ပေ။

ပြည်သူတို့၏ စကားပြန်၊လူထုဆက်သွယ်ရေးသံတမန်များဖြစ်သည့် သတင်းသမားများအတွက်မူ တာဝန်ကပိုကြီးလေး၏။ ပတ်ဝန်းကျင်နယ်မြေသစ်သို့ရောက်ခိုက် လေ့လာရရုံမက ထိုနယ်မြေဝန်းကျင်သစ်၏ မြင်ကွင်းအဖြာဖြာကို သမိုင်းမှတ်တမ်းရေးထိုးရမည့်တာဝန်ရှိသောကြောင့်ဖြစ်၏။

“မှန်နန်းရာဇဝင်ကိုကြည့်ရင် ဘယ်မင်းနန်းတက်တယ်၊ ကျီးအာတယ်၊ တော်လဲတယ်၊ နတ်ရွာစံတယ်ပဲပါတယ်။ အဲဒီခေတ်က ပြည်သူတွေ ဘာလုပ်တယ်၊ ဘယ်လိုနေထိုင်စားသောက်တယ်ဆိုတာ မပါဘူး” ဟူသည့် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ တစ်ချိန်က ဝေဖန်သုံးသပ်ချက်ကလည်း သမိုင်းပညာရှင်များ၊ သတင်းသမားများအတွက် အမြဲတမ်းသတိပြုစရာ သုံးသပ်ချက်ဖြစ်ပေသည်။

ပြီးခဲ့သည့် ၂၀၁၂ခုနှစ် အတွင်းက Media Cover လုပ်ငန်းတာဝန်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၊ အိန္ဒိယနိုင်ငံ နယူးဒေလီနှင့် မွမ်ဘိုင်းမြို့၊ ဂျပန်နိုင်ငံ အိုဆာကာ၊ ကျိုတိုနှင့် တိုကျိုမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့များသို့ ခရီးပေါက်ခဲ့၏၊ လေ့လာဖွယ်၊ ဆင်ခြင်ဖွယ်၊ တင်ပြဖွယ်၊ သင်ခန်းစာယူဖွယ်၊ အတုယူဖွယ်ရာများစွာကို မြင်တွေ့လေ့လာခွင့်ရခဲ့၏။

အဆိုပါ နိုင်ငံများ၏ မြို့ကြီးပြကြီးများကို လေ့လာကြည့်လျှင် များသောအားဖြင့် ညပိုင်းတွင် ပို၍သက်ဝင်စည်ကားလေ့ရှိ၏။ ကျွန်တော်တို့ နိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့ဆိုမူည ၁၀နာရီကျော်လျှင် လုံးဝနီးနီးခြောက်သွေ့သွားလေ့ရှိတတ်၏။

စီးပွားရေးရှုထောင့်မှကြည့်လျှင် ရန်ကုန်မြို့တော်၏ စီးပွားရေးမှာ တစ်ခြမ်းစောင်းသာမောင်းနှင်နေရသကဲ့သို့ ဖြစ်နေ၏။ နေ့ညမပြတ် အင်နှင့် အားနှင့်သာလည်ပတ်မောင်းနှင်နိုင်ပါက ရန်ကုန်မြို့ခံ အများစုအပိုဝင်ငွေ တစ်ဆခန့်ပိုးတိုးနိုင်ပေမည်။ သို့သော် လျှပ်စစ်ဓာတ်အားကို အပြည့်အဝအသုံးမချနိုင်မှု အပါအဝင် အခြေခံအဆောက်အအုံလိုအပ်ချက်များက မြို့ကို ညပိုင်းခြောက်သွေ့စေခြင်းကလည်း တစ်ကြောင်းဖြစ်ပေလိမ့်မည်။

ဂျပန်နိုင်ငံ တိုကျိုမြို့၏ ညပိုင်းသက်ဝင်လှုပ်ရှားမှုကမူ ပို၍မြိုင်ဆိုင်လှသည်။ ယနေ့တိုင် မျက်စိထဲစွဲနေရသည့် မြင်ကွင်းက တိုကျိုမြို့ကြီးသားတို့၏ စည်းကမ်းရှိမှုပင်။ ကားလမ်းကူးရာ၌ ယာဉ်သွားလမ်းမီးပွိုင့်စိမ်း၍ ကားအသွားအလာမရှိသည့်တိုင် လူကူးမီးပွိုင့်မစိမ်းသေးသရွေ့လမ်းဖြတ်မကူးကြပေ။ တက္ကစီကားငှားစီးရာတွင်လည်း အသွားခရီးမီတာချိုးခနှင့် အပြန်ခရီးမီတာချိုးခက ထပ်တူပင်။ တက္ကစီတံခါးပေါက်ကို ဖွင့်ရာတွင်မူ ပလက်ဖောင်းရှိသည့်ဘက်ကသာ တံခါးဖွင့်ဝင်ရလေ့ရှိ၏။ လမ်းမဘက်ဘေးကဖွင့်လျှင် အန္တရာယ်ရှိ၍ပင်။ နန်းနင်းမြို့၏ တက္ကစီယာဉ်များမှာမူများသောအားဖြင့် ယာဉ်မောင်းနေရာ၌ စတီးသံတိုင်များဖြင့်ကာရံထားလေ့ရှိ၏။ အကြမ်းဖက် လုယက်သူများ ဒဏ်များကို မကြာခဏခံရလေ့ရှိသည့်မြန်မာတက္ကစီယာဉ်မောင်းသမားများအတွက် ကာရံသင့်ကြောင်းတွေးမိသေး၏။

နန်နင်းမြို့၏ အမှတ်တရတစ်ခုကား ဒူးရင်းသီးကြော်ကို စားခဲ့ရခြင်းပင်။ အတော်ပင်ခံတွင်းတွေ့ရ၏။ တစ်ဆက်တည်းမှာပင် ဒူးရင်းသီးထွက်ရှိရာ ကျွန်တော်တို့ တိုင်းပြည်၌လည်း အပိုဝင်ငွေရရှိရေးအတွက် ထိုသို့ဆန်းသစ်တီထွင်ရောင်းချလျှင်ဖြစ်နိုင်ပါ့မလားဟု တွေးမိသေး၏။ ရေသစ်၊ မြေသစ်၊ တောတောင်သစ်၊ ဝန်းကျင်သစ်တို့တွင် မြင်မြင်သမျှကိုယ့်အတွက်ဗဟုသုတများဟုပင် ဆိုရခြိမ့်မည်။

အဓိကကတော့ ပတ်ဝန်းကျင်းသစ်တစ်ခုသို့ ရောက်ခဲ့လျှင် မိမိကျင်လည်ရာဝန်းကျင်နှင့် နှိုင်းယှဉ်၍ အားသာချက်၊ အားနည်းချက်များကို လေ့လာသုံးသပ်ဆင်ခြင်ဖို့က မျက်မှောက်ကာလတွင် ပို၍အရေးပါလာသည်။ မိမိဒေသ၊ မိမိနိုင်ငံ၊ မိမိလူမျိုးတို့အတွက်သာမက မိမိဘဝ ခရီးလမ်းအတွက်ပါ အကျိုးရှိရာ အကျိုးရှိကြောင်းများကို မြင်တတ်၊ လေ့လာတတ်၊ သင်ယူတတ်ဖို့ပို၍ လိုအပ်လာသည်။ သို့မဟုတ်ပါက ယောမြို့ကပြန်ခဲ့တယ်၊ ဆေးဝါးလည်း သူနားမလည်သာဖြစ်ပေလိမ့်မည်ဟု ဆိုပါရစေ။ ။

**မောင်မောင်ထွေး**

## လယ်ယာမြေအောင်ပွဲ

➢ လယ်ပန်းချီ သာကြည်လင်း
ရွှေအဆင်း ဝင်းဝင်းဝါ
ကြည့်လိုက်စမ်းပါ။
အထွက်ထူးပြီမို့
မျိုးစေ့ဖူး ဝေဝေဆာ
လယ်မြေမှာ အပြိုင်နွဲ။
စက်မှုနော် ပြည်ကျော်ရင်းနဲ့
ကောင်းခြင်း စိုက်ပွဲ။

➢ ဆည်ရေသောက် စပါးစိုက်ကာအစွမ်း
ပီတိပန်းပြုံးရွှင်လှိုင်။
ပုလဲသွယ်စပ်စပါးခင်းမှာ
ဝါဝင်းလို့မြိုင်။
လယ်ယာလမ်း မျိုးသန့်ပိုင်
ခြေဆန့်ခိုင် နိုင်ဖို့အတွေး။
လယ်မြေမှာ သီးနှံပေါတယ်
ရောနှောစိုက်ပေး။

➢ စိုက်ခင်းက ညီညာအပင်တို့
ပေါ်လွင်လို့ စိတ်ကြည်လင်။
စိမ်းစိုကာ သန်စွမ်းနေသမို့
လေကတိုက် သွယ်ဝိုက်ဆင်
ရင်ထဲတွင် ပီတိအား။
လယ်သမား ဆင်းရဲလွတ်မယ့်
ကျွတ်ဆုလုပ်သား

➢ မိုးလေသံ ထူးထူးခြားခြား
စပါးကွဲ့ စိုက်မှာပင်။
စက်အားမြိုင် ဆင်းသွယ်လတ်စပါးနဲ့
ကြိုးစားပျော်ရွှင်။
တန်းမြင့်ဆန် ပို့ကုန်ဝင်
ကြိုတင်လို့ စိုက်ရေး။
ဖွံ့ဖြိုးတဲ့ နလုံးဘဝင်
လယ်ခွင်ကို အစဉ်တွေး။
အောင်သပြေ နေမှာလွှမ်းတယ်
ချမ်းမြေ့ကြည်အေး။ ။

**စိုးသိမ်းစိုး(ဘက်)**



## လူမှုရေးကြော်ငြာ

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

**မန္တလေးမြို့၊ ရန်မျိုးလုံရပ်ကွက်၊ စံပယ်လမ်းနေ ဦးသန်းထွန်း-ဒေါ်စိန်မေ တို့၏တစ်ဦးတည်းသောသား**

**မောင်ကျော်ဇေယျ**

**B.Sc(Chemistry)**

ကမ္ဘောဇဘဏ်လီမိတက်-ကျောက်မဲဘဏ်ခွဲ

နှင့်

မန္တလေးမြို့၊ မဟာမြိုင်၊ အပိုင်း(၁)၊ အင်ကြင်းလမ်းနေ ဦးဆန်းထွန်းမြင့်-ဒေါ်သွယ်သွယ်သီတို့၏သမီးကြီး

**မယဉ်မွန်သွယ်ဦး(ခ)ဂျူးဂျူး**

**B.Sc(Hons;) Botany**

ကမ္ဘောဇဘဏ်လီမိတက်-မန္တလေးဘဏ်ခွဲ(၃)

တို့၏ ၂၆-၁၀-၂၀၁၃ ရက်တွင် စမ်းမြဝတီစာသင်တိုက်၌ ကျင်းပပြုလုပ်သောမင်္ဂလာဆွမ်းကပ်လက်ထပ်ပွဲတွင် တက်ရောက်လက်မှတ်ရေးထိုးပေးပါသော မန္တလေးတိုင်းဒေသကြီး တိုင်းဥပဒေချုပ် ဦးရဲအောင်မြင့်နှင့်ဇနီး ဒေါ်သန်းသန်းစု၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးစိုးသာနှင့် ဇနီးဒေါ်သန်းသန်းဌေး(Compass Mobile Distribution Group Co.,Ltd)တို့နှင့် ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအားလည်းကောင်း၊ ၂-၁၁-၂၀၁၃ရက်တွင် Eastern Star မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးကို ဆင်မြန်းပေးပါသော ဒုတိယဗိုလ်မှူးကြီးကျော်စိန်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းဦး(အောင်ဘုန်းပိုင်ကုမ္ပဏီလီမိတက်)၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော မန္တလေးတိုင်းဒေသကြီး တိုင်းဥပဒေချုပ် ဦးရဲအောင်မြင့်နှင့်ဇနီး ဒေါ်သန်းသန်းစု၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးပါသော သမီးလေး ကြယ်စင်ရွှန်းလက် (Gold Goal)နှင့် ယွန်းချယ်ရီဦး၊ မင်္ဂလာပန်းကြဲပေးပါသော မမြတ်နိုးသွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ်ကိုင်ဆောင်ပေးပါသော မနိုဘယ်လ်ဖြူစင်ဇော်၊ မင်္ဂလာလက်ထပ်လက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မအိအိခိုင်၊ ပန်းအလှဆင်မြန်းပေးပါသော ဟိန်းမင်းစိုး(ရွှေပွင့်လွှာ)၊ မိတ်ကပ်အလှပြင်ဆင်ပေးပါသော ရွှေပိုးအိမ်(ရွှေပွင့်လွှာ)၊ ဓာတ်ပုံ၊ ဗီဒီယိုမှတ်တမ်းတင်ပေးပါသော ကိုစည်သူနှင့် ငွေစည်းစိမ်ဗီဒီယိုရိုက်ကူးရေးအဖွဲ့သားများနှင့် မင်္ဂလာညှော်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော Eastern Star မှ ဝန်းထမ်းများ၊ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ မိတ်ဆွေသူငယ်ချင်းများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော မိတ်သင်္ဂဟများ၊ ညှော်ခံပွဲတွင် အားနည်းချက်များရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးပါရန်နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ကျော်ဇေယျ-မယဉ်မွန်သွယ်ဦး(ခ)ဂျူးဂျူး**

## မင်္ဂလာညှော်ခံပွဲနှင့် မင်္ဂလာဆွမ်းကျွေးပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးအောင်စိုးလင်း (ငြိမ်း)၊ လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊
ဟိုတယ်/ခရီး ဝန်ကြီးဌာန-ဒေါ်ထွေးထွေးဆွေလင်း (မြို့နယ်ပါတီကော်မတီဝင်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)တို့၏သားထွေး

**မောင်စိုးသီဟလင်း**

**LL.B,D.B.L, Diploma in Software Engineering**

**အုပ်ချုပ်ရေးမှူး၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

နှင့်

ရန်ကုန်မြို့နေ ဦးဝင်းမြင့်+ဒေါ်ခင်ဝေတို့၏သမီးလတ်

**မဖြိုးဝေမြင့်**

**B.Sc(Physics)**

တို့၏ ၂-၁၁-၂၀၁၃ရက်(စနေနေ့)တွင် မြရိပ်ညိုရွှင်ရွှယ်ဟိုတယ်၊ ဘုရင့်နောင်ခန်းမ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် တက်ရောက်ချီးမြှင့်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင် သူရဦးအောင်ကိုအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ဦးခင်မောင်ကျော်၊ ဒုတိယဝန်ကြီး(ငြိမ်း)၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့် ဇနီး ဒေါ်မိမိဝေတို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးသိုက်ထွန်း(ငြိမ်း)၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် ဇနီးဒေါ်ဝေဝေအောင်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဆန်းဒေးကိုကိုအားလည်းကောင်း၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ခင်ညွှန့်ညွှန့်သန်းနှင့် မင်္ဂလာတေးသံသာများနှင့်ညှော်ခံပေးပါသော တေးသစ္စာမွန်အဖွဲ့နှင့်တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မအေးစန္ဒာခင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကလပ်တို့ကို ကိုင်ဆောင်ပေးပါသော မချောစုလွင်နှင့် မပိုးဖြူလွင်၊ မင်္ဂလာ သတို့သားအရံ မောင်အောင်ပြည့်ဖြိုးနှင့် မင်္ဂလာသတို့သမီးအရံ မမေမြတ်နိုးဦး(ခ)ဆောင်းသံစဉ်တို့အားလည်းကောင်း၊ မင်္ဂလာပန်းအလှဆင်ပေးပါသော နွယ်နီမြင့်(မြောက်ဒဂုံ)၊ သတို့သမီးဝတ်စုံနှင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော Two Heart (မော်တင်လမ်း)၊ ဆံပင်မိတ်ကပ်အလှဆင်ယင်ပေးပါသော ထက်ထက်(မိတ်ကပ်)နှင့် မငယ်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော အင်းဝဓာတ်ပုံ၊ ဗီဒီယို(တောင်ဥက္ကလာ)၊ မင်္ဂလာဖိတ်စာများ ရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်တို့အားလည်းကောင်း၊ မင်္ဂလာပွဲသို့ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သဟာများ၊ ဗသက(၄၃)မှ သူငယ်ချင်းများနှင့် ဇနီးများ၊ လူကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာစားသောက်ဖွယ်ရာများနှင့် တည်ခင်းညှော်ခံပေးပါသော မြရိပ်ညိုရွှင်ရွှယ်ဟိုတယ်မှ အထွေထွေမန်နေဂျာ ဦးထွန်းဝင်းဟန်၊ မန်နေဂျာ မသန္တာအေးနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၃-၁၁-၂၀၁၃ ရက် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၂)ရပ်ကွက်၊ ထေရဝါဒပရိယတ္တိမွေရောင်ခြည်စာသင်တိုက်(ယောကျောင်းခွဲ)တွင် ကျင်းပသော မင်္ဂလာဆွမ်းကျွေးပွဲတွင် ကြွရောက်ချီးမြှင့်ကြသော ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမှတ်(၄၁)ရပ်ကွက်မှ မိဘပြည်သူများအားလည်းကောင်း၊ မင်္ဂလာစားသောက်ဖွယ်ရာများနှင့် တည့်ခင်းညှော်ခံပေးပါသော ခင်ထွေးရီမိသားစု(မရမ်းကုန်း)အားလည်းကောင်း၊ အဘက်ဘက်မှ ကူညီပံ့ပိုးပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စိုးသီဟလင်း-မဖြိုးဝေမြင့်**

# မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)တွင် မဟာဘုံကထိန်ပွဲတော်ကျင်းပ

**မြစ်ငယ် နိုဝင်ဘာ ၁၁**

အလှူမှာ ကထိန်၊ ကျောင်းမှာ သိမ်၊ လူမှာ အိမ်၊ နွယ်မှာ ကြိမ် ဆိုသည့်အတိုင်း အလှူတကာ့အလှူများထဲတွင် ကထိန်အလှူသည် အမွန်မြတ်ဆုံးအလှူ ဖြစ်ပေသည်။ တန်ဆောင်မုန်းလသည် အမွန်မြတ်ဆုံးအလှူဖြစ်သော ကထိန်ပွဲ၊ ကထိန်လျာသင်္ကန်းဆပ်ကပ်လှူဒါန်းရာလဖြစ်သောကြောင့် ထူးခြားမွန်မြတ်သောလဖြစ်ပေသည်။ မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၏ (၆၆) ကြိမ်မြောက် စုပေါင်းမိသားစုမဟာဘုံကထိန်ပွဲတော်ကြီးကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့တွင် နိုဝင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီက စည်ကားသိုက်မြိုက်စွာ လှည့်လည်ကျင်းပခဲ့သည်။ မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၏ (၆၆) ကြိမ်မြောက် စုပေါင်းမိသားစုမဟာဘုံကထိန်ပွဲတော်ကြီးကို လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းနှင့် ကာယ၊ ဉာဏစက်ရုံလုပ်သားကြီးများ၏ လှူဒါန်းမှုနှင့် မြစ်ငယ်မြို့မရပ်ကွက်နေ ပြည်သူများပါဝင်ဆင်နွှဲလှူဒါန်းရာ မိသားစုမဟာဘုံကထိန်ပွဲတော်ကြီးလည်း ဖြစ်သည်။ နှစ်စဉ်မပျက် ကထိန်ပွဲတော်ကြီး ကျင်းပလာခဲ့သည်မှာ ယခုနှစ်ပါဆိုလျှင် (၆၆) ကြိမ်မြောက်ရှိခဲ့ပြီ ဖြစ်သည်။ ထို့ပြင် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) မဟာဘုံကထိန်ပွဲတော်သည် အထက်မြန်မာပြည် ကထိန်ပွဲတော်များအနက် အစည်ကားဆုံးဖြစ်သည်ဟုလည်း သိရသည်။**(ယာပုံ)**

**မောင်မောင်စိုး(မြစ်ငယ်)**



# ကလေးမြို့သို့ မဟာဓာတ်အားလိုင်းရွှေ့ပြောင်းတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်

**ကလေး နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ကို မဟာဓာတ်အားလိုင်း ရောက်ရှိပြီးဖြစ်၍ ဂန့်ဂေါမြို့နေပြည်သူများသို့ လျှပ်စစ်မီး ၂၄ နာရီ ပေးထားပြီဖြစ်သည်။ ကလေးမြို့နေ ပြည်သူများအတွက်လည်း ၂၄ နာရီ လျှပ်စစ်မီးရရှိရန် ဓာတ်တိုင်များ စိုက်ထူနိုင်ရန်နှင့် မီးကြိုးသွယ်တန်းမည့် လမ်းကြောင်းကို ဆောင်ရွက်နိုင်ရန်အတွက် ရွှေ့ပြောင်းတိုင်းတာခြင်းလုပ်ငန်းများကို အောက်တိုဘာလအတွင်း ဆောင်ရွက်လျက်ရှိရာ ကလေး-ဂန့်ဂေါ လမ်းမကြီးပေါ်ရှိ ကျွန်းဒတ်ကျေးရွာသို့ ရောက်ရှိပြီးဖြစ်ကြောင်း သိရသည်။**(ဝဲအောက်ပုံ)**

"မြန်မာနိုင်ငံမှာ နိုင်ငံတော်က အသိအမှတ်ပြုထားတဲ့ စက်မှုဇုန် ၁၈ ခု ရှိပါတယ်။ အဲ့ဒီအထဲမှာ ကလေးမြို့ စက်မှုဇုန်လည်းပါတယ်လို့ သိရပါတယ်။ စက်မှုဇုန်အားလုံးမှာ နိုင်ငံတော် မဟာဓာတ်အားလိုင်း ရရှိပါတယ်။ ကလေးစက်မှုဇုန်တစ်ခုတည်း မဟာဓာတ်အားလိုင်း မရရှိတာပါ။ နောက်ပြီး ကလေးမြို့မှာ ရပ်ကွက် ၁၉ ရပ်ကွက်ရှိပြီး လျှပ်စစ်မီးမရရှိသေးတဲ့ ရပ်ကွက်တွေလည်း ရှိပါသေးတယ်။ ကလေးမြို့ပေါ်တွင် အိမ်ခြေ နှစ်သောင်းကျော်ရှိတဲ့အထဲမှာ လျှပ်စစ်မီးသုံးစွဲသူ ၄၁၀၀ ပဲ ရှိပါသေးတယ်။ ဒါကြောင့် ကလေးမြို့သူ မြို့သားတွေ လူနေမှုအဆင့်အတန်းမြင့်မားဖို့ လျှပ်စစ်မီး မဖြစ်မနေ လိုအပ်နေပါတယ်"ဟု နိုဝင်ဘာ ၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံး၌ ပြုလုပ်သော လျှပ်စစ်မီးဆိုင်ရာဆွေးနွေးပွဲတွင် ဒေသခံတို့က ဆွေးနွေးခဲ့ကြသည်။ ကလေးမြို့သို့ မဟာဓာတ်အားလိုင်း ရောက်ရှိရေးအတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က လွှတ်တော်အစည်းအဝေးတွင် တင်ပြတောင်းခံခဲ့ရာ မဟာဓာတ်အားလိုင်း ရောက်ရှိရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနက ငွေကျပ်သိန်း ၈၀၀ ခွင့်ပြုပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(လင်းလက်ကြယ်စင်)**



လူမှုရေး/စီးပွားရေးကြော်ငြာ

# မွန်ပြည်နယ်တရားလွှတ်တော် တရားရေးမိသားစုများ စုပေါင်းကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်း

**မော်လမြိုင် နိုဝင်ဘာ ၁၁**

မွန်ပြည်နယ်တရားလွှတ်တော် တရားရေးမိသားစုများ၏ (တတိယ) အကြိမ် စုပေါင်းဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီက မွန်ပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ မွန်ပြည်နယ်တရားရေးဦးစီးမှူးရုံး၊ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများရှိ တရားရေး အရာထမ်း၊ အမှုထမ်းမိသားစုများက မော်လမြိုင်မြို့ ရွှေဟင်္သာကျောင်းတိုက် ဆရာတော်အမှူးပြုသည့် သံဃာတော် ငါးပါးတို့အား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၃၀၇)**

## သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။

၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။

၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။ **မီးသတ်ဦးစီးဌာန**








**(၂၅)ကြိမ်မြောက် ငွေရတု ပဋ္ဌာန်းအောင်ပွဲ**
**သံဃာ့နာယကဆရာတော်ကြီးများပူဇော်ပွဲနှင့်**
**သီလရှင်ဝတ်စုံ အပါး(၁၀၀၀)လှူဒါန်းပွဲ**
**ဖိတ်ကြားလွှာ**

သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၁)ရပ်ကွက်၊ ခေမာရာမသီလရှင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၂၁-၁၂-၂၀၁၃ရက်မှ ၂၅-၁၂-၂၀၁၃ ရက်အထိ ရွတ်ဖတ်ပူဇော်ပြီး ပဋ္ဌာန်းအောင်ပွဲ၊ သံဃာ့နာယကဆရာတော်ကြီးများပူဇော်ပွဲနှင့် သီလရှင်အပါး(၁၀၀၀)တို့အား သီလရှင်ဝတ်စုံလှူဒါန်းပွဲကို ၂၅-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ဝတ်စုံတစ်စုံလျှင် ကျပ်(၅၀၀၀/-)နှုန်းဖြင့် လှူဒါန်းနိုင်ပါသည်။

**ဆက်သွယ်လှူဒါန်းရန် ဖုန်း-၀၉-၇၃၉၀၂၆၂၉၊ ၀၉-၂၅၄၀၀၂၂၀၄**
**ခေမာရာမသီလရှင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်း၊ သန်လျင်မြို့**







# မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် နယ်သာလန်နိုင်ငံအခြေစိုက် ရှိုင်ရယ်ဒတ်ချ်ရှဲလ်ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်နှင့် ဘဏ္ဍာရေးအရာရှိချုပ် Mr. Simon Henry ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာ သက်သက်ဇင်၊ ဦးအောင်ထူး၊ ဦးသန်းထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး H.E. Mr. Andrew Pactrick လည်း တက်ရောက်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❑

# မြန်မာယူ-၂၃ အသင်း ခြေစမ်းပွဲများ ဆက်လက်ယှဉ်ပြိုင်ကစားမည်

သတင်း - စိုင်းညီလေး၊ ဓာတ်ပုံ - ရှိုင်းထက်ဇော်



ဆီးဂိမ်းပြိုင်ပွဲအတွက် အောင်မြင်မှုရရှိရေး လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည့် မြန်မာယူ-၂၃ အမျိုးသားဘောလုံးအသင်းသည် နိုဝင်ဘာ ၁၄ ရက်မှစ၍ ဆီးဂိမ်းအတွက်အပြီးသတ်ပြင်ဆင်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာယူ-၂၃ အသင်းမှာ တောင်ကိုရီးယား၊ ဂျပန်ခြေစမ်းခရီးစဉ်မှ နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းက ပြန်လည်ရောက်ရှိလာခဲ့ပြီး နိုဝင်ဘာ ၁၄ ရက်မှစ၍ လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်သွားမည်ဖြစ်သည်။ ယခု နိုဝင်ဘာလအတွင်း နိုင်ငံတကာခြေစမ်းပွဲ တစ်ပွဲ၊ ပြည်တွင်းခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားရန်စီစဉ်ထားပြီး နိုဝင်ဘာ ၂၀ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ဂျပန်အိုလံပစ်အသင်းနှင့် ခြေစမ်းကစားမည်ဖြစ်သည်။ ဂျပန်အိုလံပစ်အသင်းမှာ ၂၀၁၆ အိုလံပစ်ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး ယူ-၂၀ ကစားသမားများဖြင့် ဖွဲ့စည်းထားသည်။

ထို့အပြင် မြန်မာယူ-၂၃ အသင်းမှာ နိုဝင်ဘာ ၂၃၊ ၂၇၊ ၃၀ ရက်များတွင် ပြည်တွင်းခြေစမ်းပွဲသုံးပွဲကစားရန် စီစဉ်ထားပြီး ယင်းခြေစမ်းပွဲများအတွက် မြန်မာယူ-၁၉ အသင်းကိုရွေးချယ်ထားကြောင်းသိရသည်။ မြန်မာယူ-၂၃ အသင်းမှာ အဆိုပါ ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် အပြီးသတ်ကစားသမား ၂၀ ကို ရွေးချယ်သွားမည်ဖြစ်သည်။ မြန်မာယူ-၂၃ အသင်းမှာ ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။**(ဝပုံ)**


ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ကြော်ငြာ စာမျက်နှာ အပိုရှစ်မျက်နှာ ပါရှိပါသည်။



ယနေ့ မာတိကာ

ကျိုက်ထီးရိုးဘုရားဖူးများအတွက် တောင်တက်ကားများ အခမဲ့ပြေးဆွဲပို့ဆောင်ပေးမည်
စာမျက်နှာ - ၅

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ မကြာမီဖွင့်မည်
စာမျက်နှာ - ၃

မြန်မာ့အမွေအနှစ်ကြယ်လိပ်များ ဘေးမဲ့တောတွင်းသို့လွှတ်
စာမျက်နှာ - ၂








OASIS

## စစ်ကိုင်း-ဝါးချက်မင်းကွန်းကားလမ်း တိုးချဲ့ကွန်ကရစ်လမ်းခင်းရန် အလှူရှင်များသို့ နှိုးဆော်လွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသဆရာတော်ကြီးတည်ထောင်တော်မူခဲ့သော မင်းကွန်းတိပိဋက နိကာယကျောင်းတိုက်ကြီးများတွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်ကြီး၏သားတပည့်များဖြစ်ကြသော ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော်-အရှင်သီလက္ခန္ဓာဘိဝံသ၊ ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝံသပါလာလင်္ကာရ၊ ရွှေစင်တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ (၁၁)ပါးမြောက်၊ တိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဆရာတော်ရမ္မာဝတီဆရာတော် အရှင်ကုန္ဒပါလ၊တိပိဋကရေ ဆရာတော် ဦးကုန္ဒာစရိယတို့သည် ကျောင်းပြင်၊ ကျောင်းဆောက်လမ်းဖောက်စသည့် သာသနာပြုပရဟိတကိစ္စများကို ဆရာတော်ကြီး ဆောင်ရွက်ခဲ့သည့်နည်းတူ စစ်ကိုင်း-ဝါးချက်၊ မင်းကွန်းကားလမ်းကို ဓမ္မနာဒကျောင်းတိုက်အထိ တိုးချဲ့ကွန်ကရစ် လမ်းခင်းလျက်ရှိရာ ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့သည် ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုး မျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| (၁) | ကတ္တရာတစ်ပေပါလျှင် | ကျပ် ၇၀၀၀၀ |
| (၂) | ကျောက်ကြီးတစ်ကျင်းလျှင် | ကျပ် ၈၀၀၀ |
| (၃) | ကျောက်လတ်တစ်ကျင်းလျှင် | ကျပ် ၈၀၀၀ |
| (၄) | ကျောက်သေးတစ်ကျင်းလျှင် | ကျပ် ၁၀၀၀၀ |
| (၅) | မြေတစ်ကျင်းလျှင် | ကျပ် ၄၀၀၀ |
| (၆) | ဘိလပ်မြေတစ်အိတ်လျှင် | ကျပ် ၆၀၀၀ |

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ-**

(၁) တိ-နိ မန္တလေးဌာန ၁၉/၂၆ (ဘီ)လမ်း ပိုက်ကျုံးရပ်၊ မန္တလေးမြို့။
ဖုန်း-၀၂-၃၀၁၉၀

(၂) တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့။
ဖုန်း-၀၂-၆၀၄၉၅

(၃) တိ-နိ ရန်ကုန်ဌာန၊ (၁၂)စကားဝါလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း-၂၂၂၂၇၇/၇၈/၇၉

**အမှုဆောင်အဖွဲ့**
**တိ-နိ**


ပေါ်ပြူလာခရီးသွား

နှာလန္တာ

"မွှေ့ခရီးသွားလည်ပတ်လိုလျှင် ဓမ္မသုခေတင် နှင့် သွားကြပါစို့"

23 Nov, 07/22 Dec, 08/25 Jan, 12 Feb, 01/19 Mar, 12 Apr

22 Mar

09/12 Apr

Dawei Beauty

15 NOV / 25 DEC
15 NOV
24 DEC
24 DEC
16 NOV / 24 DEC
25 DEC
16 NOV / 24 DEC
25 DEC
15 NOV / 24 DEC

### အထူးကျေးဇူးတင်ရှိခြင်း

Shwe FM 4th Anniversary ... Shwe FM ... CMP Live ... Sky Net ... Bo Bo Entertainment ...

လွှမ်းပိုင်၊ Bobby Soxer



MCC Training Institute (Yatanarpon Campus)

B.S.E (Bachelor of Science in Engineering) အင်ဂျင်နီယာ ဘွဲ့များ

Tel : 02-5178132, 5178112, 5178113, 09-43104966

Enroll Now!

Student Recruitment Agent

## နိဗ္ဗာန်ဈေးအလှူတော်

၁၇-၁၁-၂၀၁၃ရက် တန်ဆောင်မုန်းလပြည့်နေ့(တနင်္ဂနွေနေ့)တွင် ရန်ကုန် ဟယ်လ်ပင်ကလေးဆေးရုံကြီးဝင်းအတွင်း၌ တတိယအကြိမ်မြောက် နိဗ္ဗာန်ဈေးပွဲတော် ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကိုယ်တိုင်ပါဝင်လှူဒါန်းလိုသော စေတနာရှင်များဆက်သွယ်နိုင်ပါသည်။

**ပွဲကျင်းပရေးကော်မတီ-၀၉-၇၃၁၇၅၈၇၇၊ ၀၉-၅၁၇၄၇၂၆၊**
**၀၉-၄၂၀၀၇၆၁၃၉၊ ၀၉-၄၂၀၀၈၇၀၈၅**

## တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်
## (၃၈)ကြိမ်မြောက် ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ရပ်ကွက်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာန မဟာနာယက ရွှေတိဂုံ၊ ဗိုလ်တထောင်၊ ဆူးလေ၊ ရွှေပြည်သာမြို့ဦး၊ သာစုကန်စေတီတော်၊ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇ ကျေးဇူးတော်ရှင် သက်တော်ရှည် ဆရာတော်ကြီးဘဒ္ဒန္တဓမ္မသာရမဟာထေရ်အမှူးပြုသော ပရိယတ္တိ စာချစာသင်သံဃာတော်များနှင့် ပဋိပတ္တိဝိပဿနာတရားအားထုတ်လျက်ရှိကြသော သံဃာတော် (၄၇၀) ကျော်၊ ပင့်သံဃာတော် (၁၀၀) ကျော်တို့နှင့် သာသနာ့နွယ်ဝင်သီလရှင် (၁၈၀)ကျော်တို့အား အလှူရှင်များဖြစ်ကြသော အဘွား ဒေါ်ရွှေရင်၊ ဖခင်ကြီး ဦးကိုအေး-မိခင်ကြီးဒေါ်ကြူကြူတို့အား ရည်စူး၍ ဦးသန်းထွန်း-ဒေါ်အေးအေးမွန်၊ ဦးမျိုးအောင်-ဒေါ်ရှန်းရှန်းရွှေ မသန်းသန်းနှင့် သားသမီးများ (Same Sky Group of Companies) မိသားစုတို့မှ မတည်လှူဒါန်း၍ကုသိုလ်ရှင်များ ပေါင်းစုကောင်းမှုဖြင့် ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်) ၁၇-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂း၀၀ နာရီတွင် ကျင်းပမည် ဖြစ်ရာ စေတနာရှင် ဒါယကာ၊ ဒါယိကာမများအနေဖြင့် ကြွရောက်ပြီး အလှူရှင်မိသားစုနှင့်အတူ ရေစက်သွန်းချ တရားတော်များ နာယူနိုင်ပါရန် မေတ္တာဖြင့် ဖိတ်ကြားအပ်ပါသည်။

နံနက် ၆း၀၀နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ဆရာတော်ကြီးအား ကထိန်လျာသင်္ကန်း လှူဒါန်းနိုင်ရန် ကျောင်းတိုက်နှင့် ကိုက်ညီသော ကထိန်လျာသင်္ကန်းများကို စီစဉ်ထားပါသည်။

**အလှူရှင်များနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့.**
**ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၁-၆၃၅၀၂၇၊ ၀၁-၆၃၅၄၂၄**

APPALLO HEALTH CENTER တွင် အိန္ဒိယနိုင်ငံမှ ကျောက်ကပ်အစားထိုး ခွဲစိတ်အထူးကုဆရာဝန်ကြီး၏ ကိုယ်စားလှယ်ရုံးကို ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ-**
**အမှတ်(၃၆)၊ ပထမထပ်၊ သာယာကုန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၂၃၃၅၇**






## Myanma Precious Resources Group

MPRG is an Exploration and Mining Company in Myanmar.

We are currently inviting the dynamic applications for highly motivated specialists and individuals, with the passion for excellence, for the following positions;

(1) Drivers (4)Posts

Alternatively, application can be submitted via email to;

Attention: Room.(302), Shwe Than Lwin Condo,
New University Avenue Road, Bahan Tsp
Yangon
E-mail: **admin@mprg.com.mm,**
**www.mprg.com.mm**
Tel: 95-1-554840,554981

Closing date for applications, November 25-2013(or) until suitable candidate is identified.

### ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်ဖြူဖြူဝင်းပိုင် ယာဉ်အမှတ်-၈က/၁၀၁၁ ၏ မော်တော်ယာဉ်အခွန်ကျေပုံစံ (၁) သည်ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၃၀၉၁၇၂၄**

### ပျောက်ဆုံး

ကျွန်တော် မောင်ကျော်မင်းနိုင် [၈/တတက(နိုင်)၁၀၄၀၅၉]သည် နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၁၃၀၉၀၉**

## Nano Pharma Co;Ltd.

အမှတ်(၂၂၀-A)၊ အခန်းအမှတ်(၃-D)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ မာန်အောင်ရပ်ကွက်၊ တာမွေမြို့နယ်၊
(တာမွေအဝိုင်းလေးမှတ်တိုင်)
Ph: 09-73167311၊ 546458

* Medical Sales Representative — မ(၂)ဦး
  - အသက်(၂၃-၃၀)အတွင်း၊ ရုပ်ရည်ချောမောပြေပြစ်သူ၊
  - လုပ်ငန်းအတွေ့အကြုံရှိသူ၊ နယ်ခရီးသွားလာနိုင်သူ။

*Delivery — ကျား(၂)ဦး

လျှောက်ထားလိုသူများသည် CV Form၊ မကြာမီက ရိုက်ကူးထားသောဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူတို့နှင့်အတူ ၂၅-၁၁-၂၀၁၃ ရက် နောက်ဆုံးထား၍ အထက်ပါလိပ်စာ၌ လာရောက်လျှောက်ထားနိုင်ပါသည်။

### ဆိုင်ဖြုတ်ဈေးဖြင့်ရောင်းမည်

(၁)နှစ်ခန့်သာသုံးထားသော ဆိုင်သုံး အလူမီနီယံဘီရို၊ ကျွန်းရှိုးကေ့စ်၊ စတိုးဆိုင်သုံးစင်မျိုးစုံ၊ ရေခဲသေတ္တာ၊ ငွေသိမ်းစားပွဲ(၁)စုံ လျှော့ဈေးဖြင့် ရောင်းမည်။

**ဆက်သွယ်ရန် ဖုန်း-၄၃၀၁၄၇၊**
**၀၉-၇၃၁၇၁၆၃၉**

## ကျောင်းအလှူဒါနပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း၊ ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ (၇၀×၆၇)အကျယ်အဝန်းရှိ ၃½ကျောင်းဆောင်သစ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခွင့်ပြုချက်ဖြင့် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

**ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ**
**ဓမ္မာရုံပရိယတ္တိစာသင်တိုက်**
**ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆**










## မူးယစ်ကင်းစင် အလှဆင်










ဘောလုံး
အာရှချန်ပီယံ(၁၉၆၆)
အာရှချန်ပီယံ(၁၉၇၀)
ဒုဗိုလ်မှူး(မြို့နယ်) (၁၃)ဆုရှင်
ဦး - ထင်အောင်
ASIAN GAMES
SEA GAMES
ဂုဏ်ယူဖွယ်ရာ ဒို့မြန်မာ
"ဘောလုံးအသင်းဆိုတာ
အချိန်ကိုက် လှုပ်ရှားရင်
GOAL ရတယ်"
OFFICIAL SPONSOR
CHERRY OO
27th SEA GAMES 2013 တွင် ချန်ပီယံဆုရရှိရန် ဂုဏ်ယူစွာဖြင့် ပါဝင်သည်။


သင့် လုပ် ငန်း အ တွက် အ ကောင်း ဆုံး လမ်း ညွှန်
YOUR INDUSTRY DIRECTORY
2014-15
အတွက်
ကြော်ငြာများ လက်ခံနေပါပြီ
09 - 44800 1654
09 - 44800 1655
09 - 44800 1658
09 - 44800 1663
MAD
Advertising
DIRECTORY
EDGE
EDUCATION DIRECTORY & GUIDE for EVERY ONE
ပညာရေးလမ်းညွှန်
HEALTH PRODUCTS DIRECTORY
TEXTILE GARMENT DIRECTORY



iStock® ကုန်ပစ္စည်းထိန်းကွပ်မှုဆော့ဝဲ

Galaxy Software

Galaxy Software Services Co.,Ltd. Website : www.galaxy.com.mm

YGN : 09-73138079, 09-31051295, 09-43064181
MDY : 09-31400813, 09-61600973, 09-43200282

ပုဒ္ဓ မမ္မ သံယံ

BR ရဲရင့်နှင်းဆီ ဆောက်လုပ်ရေး Co.,Ltd

"လုံးချင်းတိုက်" Specialists

ခေတ်မီနိုင်ခံ့လှပသော "လုံးချင်းတိုက်" များကို

RC (သို့) Steel Structure ဖြင့် ဆောက်လုပ်လိုသူများအတွက်

- ပုံဆွဲခြင်း (Archi & Structure)
- ကုန်ကျစရိတ်အသေးစိတ် တွက်ခြင်း
- ဆောက်လုပ်စဉ် ကြီးကြပ်ပေးခြင်း
- PAE နှုန်းဖြင့် ဆောက်လုပ်ပေးခြင်း

တို့ကို စေတနာပါစွာဖြင့် ဆောင်ရွက်ပေးပါသည်။

Structure Design Engineers & Architects

"Brave Rose" Design & Construction Co., Ltd

Office : 657-A

Phone : 09-73065460, 09-421164675, 09-421020813, 01-527773

MORES MYANMAR

X' Mas & New Year

JUE JUE TRAVELS & TOURS



SWEETY HOME

Nation Wide Promotion

GRAND Prize

TOYOTA Crown



GRAND Prize

TOYOTA Belta











SAKURA



Customer


CAPITAL hypermarket
Happy Tazaungdine Festival
14th Nov to 17th Nov 2013
တန်ဆောင်တိုင် ညဈေးပွဲတော်
၂၀၁၃ နိုဝင်ဘာ
(၁၄)ရက်မှ (၁၇)ရက်ထိ
No.14-E, Min Nandar Road, Dawbon Township, Yangon. Ph : 551 533 Ext-116 Fax : 553 134


CHERRY OO
ဂုဏ်ယူဖွယ်ရာ ဒို့မြန်မာ
ပါဝင်ဆင်နွဲ ဆီးဂိမ်းပွဲ
ကျပ်သိန်းပေါင်း ၄၀၀ကျော်ပါဝင်သော ချက်ခြင်းကံစမ်းမဲနှင့် ကျပ်(၅)သိန်း ကံထူးရှင်(၁၂)ဦး ရွေးချယ်ပွဲ
ငွေကျပ် ၃၀၀၀၀ နှင့်အထက် ဝယ်ယူကံစမ်းကြပါစို့...
ချက်ခြင်း ပေါက်မဲများ
ကံထူးရှင်များ အတွက်
ကျပ် ၃၀၀၀ မှ ၁၀၀၀၀၀ ကျပ်အထိ ပါဝင်သော ဆုမဲများ
ဆုငွေ ကျပ် (၅) သိန်း ကံထူးရှင် (၁၂) ဦး ရွေးချယ်ပေးမည်။
Customer SEA GAMES Calendar
၁.၁၁.၂၀၁၃ မှ ၃၁.၁၂.၂၀၁၃ အထိ
Hotline : 01-200190, 01-381751, 01-375491, 02-72992
www.facebook.com/cherryoowatchgallery


(Laparoscopic Gynaecological Surgery)
PUN HLAING HOSPITAL
(fetal growth)
(fetal well-being)
(fetal illness and abnormalities)
Ultrasound

## တိုးပွားမန္တလေးကုမ္ပဏီလီမိတက်၊ လှည်းယာဉ်တံဆိပ် ကွန်ပေါင်းဓာတ်မြေဩဇာလုပ်ငန်း




ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့မှချီးမြှင့်သော လယ်ယာဖွံ့ဖြိုးတိုးတက်ရေး၊ ဓာတ်မြေဩဇာထုတ်လုပ်မှု ဂုဏ်ပြုဆုကို ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၁၆ ရက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်တွင် ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရခြင်းအတွက် တိုးပွားမန္တလေး ကုမ္ပဏီလီမိတက် လှည်းယာဉ်တံဆိပ် ကွန်ပေါင်းဓာတ်မြေဩဇာလုပ်ငန်းဝန်ထမ်းများမှ အထူးဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်းနှင့် တောင်သူအကျိုးပြုဓာတ်မြေဩဇာလုပ်ငန်းကြီး ရေရှည်တည်တံ့ တိုးတက်အောင်မြင်စေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**(တိုးပွားမန္တလေးကုမ္ပဏီလှည်းယာဉ်တံဆိပ်ကွန်ပေါင်းဓာတ်မြေဩဇာလုပ်ငန်းဝန်ထမ်းများ)**

(၁) တာဝန်ခံ - ဦးအောင်ကြင် - တိုင်းမန်နေဂျာ (ငြိမ်း)
မန္တလေးတိုင်းဒေသကြီး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း။

(၂) မန္တလေးတိုင်းဒေသကြီး - ရုံးချုပ်ဝန်ထမ်းများ
- တိုးပွားမန္တလေးစက်ရုံဝန်ထမ်းများ

(၃) စစ်ကိုင်းတိုင်းဒေသကြီး - ရွှေဘိုရုံးခွဲဝန်ထမ်းများ
- ရေဦးရုံးခွဲဝန်ထမ်းများ

(၄) ရန်ကုန်တိုင်းဒေသကြီး
ဧရာဝတီတိုင်းဒေသကြီး-ဘုရင့်နောင်ရုံးခွဲဝန်ထမ်းများ
ပဲခူးတိုင်းဒေသကြီး

(၅) မွန်ပြည်နယ်
တနင်္သာရီတိုင်းဒေသကြီး-စော်ဘွားကြီးကုန်းဝန်ထမ်းများ

(၆) ရှမ်းပြည်နယ် - တောင်ကြီး အောင်ပန်းဝန်ထမ်းများ

**"ကျေးဇူးတင်လွှာ"**

တိုးပွားမန္တလေးကုမ္ပဏီ လှည်းယာဉ်တံဆိပ်ကွန်ပေါင်းဓာတ်မြေဩဇာလုပ်ငန်းများတည်ရှိရာ မြန်မာပြည် အနှံ့အပြားနေရာများမှ **"ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့၊ လယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဓာတ်မြေဩဇာထုတ်လုပ်မှု" "ဂုဏ်ပြုဆု"** ချီးမြှင့်ခံရခြင်းအတွက် လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ အားပေးချီးမြှင့်ကြသည့် ဓာတ်မြေဩဇာအရောင်းကိုယ်စားလှယ်ကြီးများ၊ တောင်သူကြီးများ၊ ဆက်စပ်လုပ်ငန်းမိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

**ဦးစန်းကြည်**
**မန်နေဂျင်းဒါရိုက်တာ**
**တိုးပွားမန္တလေးကုမ္ပဏီလီမိတက် လှည်းယာဉ်တံဆိပ်ကွန်ပေါင်းဓာတ်မြေဩဇာလုပ်ငန်း**
**ဖုန်း-၀၉-၂၀၀၁၉၃၈**








**မီး သတိပြု**












